မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၁၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၆၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်ရေးပြအဆင့်အတန်းမြင့်မားရေး၊ စည်းကမ်းစနစ်တကျရှိရေး ဂရုပြုဆောင်ရွက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် မတ် ၁၀

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ (၆၂)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်၅နာရီခွဲတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်းသို့ သွားရောက်၍ (၆၂)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ တပ်ပါစစ်ရေးပြ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ၏ စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ်၏ အခြေခံဖြစ်သော ပထမအဆင့်အဖြစ် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးချမှတ်လျက်ရှိရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအကောင်အထည်ဖော်ရန် လက်တစ်ကမ်းမျှသောခရီးလမ်းအထိ ပေါက်မြောက်အောင်မြင်လာခဲ့ပြီးဖြစ်သည်။

ကျော်စိုး (မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်)၏ ဆိုရေးရှိလာ ဆိုအပ်စွာ ဆောင်းပါး (စာ -၁၀၊ ၁၁)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမေရိကန်၏ အခြေအမြစ်မရှိသည့် အစီရင်ခံစာ မြန်မာနိုင်ငံက လုံးဝလက်မခံဘဲ ဆန့်ကျင်ပယ်ချ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ကျော်၏ ၂၀၀၆ခုနှစ် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက မတ်လ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာတွင် ယခင်နှစ်များကကဲ့သို့ပင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိသည်ဆိုသော အခြေအမြစ်မရှိ အထောက်အထား ခိုင်လုံမှုမရှိသည့် စွပ်စွဲချက်များ ဖော်ပြထားသည်။ ယင်းအစီရင်ခံစာပါ စွပ်စွဲချက်များသည် သောင်းကျန်းသူ လက်နက်ကိုင်အုပ်စုနှင့် အစိုးရကိုဆန့်ကျင်သော အဖျက်အင်အားစုများ၏ ပြောဆိုဝေဖန်မှုများနှင့် တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်နှင့်အမျှ တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လျက် ရှိသည်။

အမေရိကန်နိုင်ငံ၏ ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်များကို မျက်ကွယ်ပြု၍ မဟုတ်မမှန် လုပ်ကြံစွပ်စွဲဖော်ပြထားသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်သည်။

လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးကြိုးပမ်းဆောင်ရွက်မှုကို အကြောင်းပြပြီး နိုင်ငံအချို့ကိုသာ ရွေးချယ်ဝေဖန်ကာ လိုတစ်မျိုး မလိုတစ်မျိုး စံနှုန်းနှစ်မျိုးကျင့်သုံး၍ လူ့အခွင့် အရေးဗန်းပြပြီး အခြားနိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်နေခြင်းလည်း ဖြစ်သည်။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် လူ့အခွင့်အရေးမှတ်တမ်းကို နှစ်စဉ် ထုတ်ပြန်ပြီး ၎င်းတို့၏ ဩဇာမခံသည့် ပစ်မှတ်နိုင်ငံများကို အစဉ်အလာတစ်ခုကဲ့သို့ ရန်လုပ်လေ့ရှိသည်။ ထို့ကြောင့် အစွပ်စွဲခံရသော နိုင်ငံများကလည်း ခါးခါးသီးသီး ပြန်လည်တုံ့ပြန်ကြကာ အမေရိကန်၏ စွပ်စွဲချက်မှန်သမျှကို လက်မခံဘဲ ပယ်ချခဲ့ကြသည်ချည်း ဖြစ်သည်။

သို့ဖြစ်ရာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ၂၀၀၆ခုနှစ် လူ့အခွင့်အရေး အစီရင်ခံစာပါ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေကို မမှန်မကန် စွပ်စွဲချက်များကို မြန်မာပြည်သူများ အားလုံးက လုံးဝလက်ခံခြင်းမရှိဘဲ ပယ်ချပါကြောင်း ဖော်ပြလိုက်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပညာရေးမိသားစု နိဗ္ဗာန်ဆွမ်းအလှူတော် မင်္ဂလာအဖွဲ့က(၁၆)နှစ်ပြည့် ဆွမ်းကပ် အထိမ်းအမှတ်အဖြစ် ဒဂုံ မြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သုံးသိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဦးစီးမှူး ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၀၇
(တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ အမွေခံထိုက်သူဖြစ်ပါစေ တရားတော် (တတိယပိုင်း) [ဒေါက်တာ အရှင်ကောဝိဒ(မဇ္ဈိမဂုဏ်ရည်ဆရာတော်)]
၈း၁၀ Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉း၀၀ တေးဂီတအစီအစဉ်
၉း၀၅ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ပုလဲ "Milk Shake" ပြုလုပ်နည်း)
၉း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ နိုင်ငံတကာအနုပညာရေးရာ
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ အနာကြီးရောဂါ ဆက်လက်ကင်းဝေးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့
၁၀း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅ မိသားစုတနင်္ဂနွေ (ကမ္ဘာ့အေးစေတီ)
၁၀း၅၀ တေးဂီတအစီအစဉ်
၁၀း၅၅ ICT CARAVAN 2007 (ကျိုက်ထိုခရီးစဉ်)
၁၁း၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ မိုးလေဝသခန့်မှန်းချက်
၁၁း၂၅ ချည်ခင်ချည်မျှင်ပိတ်စအသွင်
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ အသွင်သစ်ကွန်ကရစ် တည်ဆောက်မှုရှင်းမြစ်
၁၂း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀ တေးဂီတအစီအစဉ်
၁၂း၂၅ သဘာဝကပေးသော အရောင်များ
၁၂း၄၀ တေးဂီတအစီအစဉ်
၁၂း၄၅ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၇း၁၀	Chelsea- Tottenham	5-Sports (Live)
၁၀း၂၅	Blackburn - Man City	5-Sports (Live)
၁၂း၃၀	Plymouth Argyle - Watford	5-Sports (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Inter Milan - AC Milan	5-Series (Live)
၂း၀၀	Roma - Udinese	5-Series (Live)

ဆက်ကပ်လှူဒါန်း

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်ကြီးအတွင်းရှိ သုဝဏ္ဏဝတီသုံးထပ် ရွှေကျောင်းတော်ကြီး ပြန်လည်ပြုပြင်ရန် ဦးစုလှိုင်-ဒေါ်ရှုခင်၊ သား ဦးဉာဏ်မြင့်-ဒေါ်ဝေဝေလွင်၊ ဦးညီညီသောင်း-ဒေါ်မြင့်မြင့်မော် မိသားစု ပိန်းဇလုပ်က ငွေကျပ် ငါးသိန်းကို ပဓာန ဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၁-၃-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အဏ္ဏဝါချစ်သူ**
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၅။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ မိုးလေဝသသတင်း
၆း၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ** (အပိုင်း-၁၆)
၈း၀၀ ၁၅။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ FA CUP ဘောလုံးပွဲ Blackburn Rovers Vs Manchester City (Live)

11-3 (02) 1 3/11/07, 2:45 PM

✻ ရှေ့ဖုံးမှ

ယင်းသို့တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင် ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကြီး ဦးဆောင်သည့်အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းဇော် ဦးဆောင်သည့် ကျန်စစ်သား စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ဇော်ဦး ဦးဆောင်သည့် ဘုရင့်နောင် စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး စံဝင်း ဦးဆောင်သည့် အောင်ဇေယျ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သန်းလွင် ဦးဆောင်သည့် ဆင်ဖြူရှင် စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ဆင့် ဦးဆောင်သည့် ဗန္ဓုလ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး နေဝင်း ဦးဆောင်သည့် မြဝတီ စစ်ကြောင်းတို့မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း လေ့ကျင့်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများအား တွေ့ဆုံ၍ စစ်ရေးပြအဆင့်အတန်းမြင့်မားရေး၊ စည်းကမ်းစနစ်တကျရှိရေး၊ စစ်သည်များ၏ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးအတွက် ဂရုပြုစီစဉ်ဆောင်ရွက်ပေးရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအတွင်းရေးမှူးဝန်ကြီးဦးအောင်သောင်း မန္တလေးတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၁၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက်၁၁နာရီခွဲတွင် မန္တလေးတိုင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၅လမ်းရှိ မဟာနွယ်စဉ် အားကစားကွင်း၌ ကျင်းပလျက်ရှိသော အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်း ပွဲတော်သို့ ရောက်ရှိပြီး အမှတ်(၁) စက်မှု ဝန်ကြီးဌာနက ထုတ်လုပ် ရောင်းချလျက်ရှိသော ရောင်းကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း အမရပူရမြို့နယ် လိပ်ဆံခွန်ကျေးရွာရှိ ရွှေသိမ်တော်ကျောင်းတိုက် ဆရာတော် ဦးပုညအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မှာကြား

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ဒေါ်တင်မြိုင်မိသားစု ရိုးရာရက်ကန်းအလုပ်ရုံသို့ရောက်ရှိပြီး ရက်ကန်း ရက်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ရက်လုပ်ပြီး အထည်များကို အားပေးကြည့်ရှု၍ မြန်မာ့ရိုးရာ ရက်ကန်းလုပ်ငန်းအား ရှေးရိုး အစဉ် အလာမပျက် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

ဆက်လက်ထိန်းသိမ်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း အမရပူရမြို့နယ် လိပ်ဆံခွန်ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံရာ ကျေးရွာလူထုကိုယ်စား ကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ရက်ကန်းလုပ်ငန်းရက်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လိပ်ဆံခွန်ကျေးရွာသည် မြန်မာ့ရိုးရာ အစဉ်အလာမပျက် ရက်ကန်းလုပ်ငန်းအား လုပ်ကိုင်နေခြင်းကို ဝမ်းသာဂုဏ်ယူမိကြောင်း၊ အမျိုးသားယဉ်ကျေးမှုကို ဆက်လက် ထိန်းသိမ်းလုပ်ကိုင်သွားကြရန်နှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးမှု အခြေအနေ အရပ်ရပ်ကိုလည်း ကူညီ အားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့သည် ယနေ့ မွန်းလွဲ၂နာရီခွဲတွင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မန္တလေး မန်းမြို့ဈေးသူဈေးသားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာစုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပြုလွှာ

ရှေးဦးစွာ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မန်းမြို့ဈေးသူ ဈေးသားများကိုယ်စား ဈေးတာဝန်ခံ ဦးစိုးငြိမ်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆိုပြုလွှာ စုစုပေါင်း စောင်ရေ ၅၀၀ကို ပေးအပ်ရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံရယူသည်။

အမျိုးသားရေး

ယင်းနောက် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အသင်းကြီး၏ မွန်မြတ်သန့်စင်ပြီး စေတနာထား ဆောင်ရွက်နေမှုအခြေအနေများနှင့် အသင်းဝင်များဖြစ်လာသည်နှင့် အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဦးစီးဦးဆောင် ဆောင်ရွက်ကြရန်နှင့် အမျိုးသားရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အသင်းဝင်များ အနေဖြင့် ခံယူချက်၊ ယုံကြည်ချက် ပြည့်ဝစွာဖြင့် အမျိုးသားရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အား အကောင်အထည်ဖော်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ဆောင်ရွက်သွားကြရန်၊ အရည်အချင်း အရည်အသွေးပြည့်ဝသော အသင်းဝင်များအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရန် မှာကြားသည်။

အလှူငွေ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ်တစ်သိန်းကို ဈေးသူ ဈေးသားများကိုယ်စား ဦးအောင်သိန်းဝင်းက ပေးအပ်ရာ မဟာအောင်မြေမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးစိုးထွန်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် အားကစားကွင်းတွင် ကျင်းပသော အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

အင်းစိန်မြို့နယ် ဓမ္မဗိမာန်စာကြည့်တိုက်ဖွင့်၊ အလှူငွေနှင့်စာအုပ်များလှူဒါန်း

ရန်ကုန် မတ် ၁၀

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် ဓမ္မဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၇ ရက်တွင် အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ ဓမ္မဗိမာန်စာကြည့်တိုက်သြဝါဒ ဆရာတော် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရွာမပရိယတ္တိစာသင်တိုက်မှ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက သြဝါဒမြွက်ကြားပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းနှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေတို့က အမှာစကား ပြောကြားသည်။ ထို့နောက် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြစိန်က စာကြည့်တိုက် ဖြစ်ပေါ်လာပုံ၊ စာရေးဆရာကြည်နိုင်က စာကြည့်တိုက်ရှိ စာအုပ်စာပေများနှင့် ပတ်သက်ပြီး ဆောင်ရွက်ခဲ့ပုံတို့ကို တင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များက ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ စာအုပ်နှင့် ဂျာနယ်မျိုးစုံ အုပ်ရေ၂၀၀နှင့် အလှူငွေကျပ် ၃၀၀၀၀၊ **(အပေါ်ပုံ)** ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး-ဒေါ်ခင်မျိုးသူ မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဒေါက်တာ ဒေါ်ခင်ခင်ရီမိသားစု (ရှိုင်းဟုပ်ကုမ္ပဏီ)က ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ စာအုပ်စာတမ်းများ၊ ဇော်ဆောက်လုပ်ရေးမှ ဦးဇော်မျိုးက ငွေကျပ်၁၁၇၅၀၀ တန်ဖိုးရှိ စာအုပ် စာတမ်းနှင့်ပရိဘောဂများ၊ ဦးဘသန်း-ဒေါ်စွဲ့ခင်မာဝင်း မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့် မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးလှဋ္ဌေး-ဒေါ်တင်နွယ်ဦး မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးအောင်မင်းဟန်-ဒေါ်ခင်လှမြင့် မိသားစုက ငွေကျပ် ၅၀၀၀၊ ဒေါ်ခင်လှဲ့ဝင်း မိသားစုက ငွေကျပ် ၃၀၀၀၊ ဦးကျော်နိုင်မိသားစုက ငွေကျပ်၂၀၀၀၊ ဦးသက်ဦး-ဒေါ်စွဲ့လှလှအေး မိသားစုက ငွေကျပ်၅၀၀၀၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့က ငွေကျပ်၁၀၀၀၀၊ ရန်ကုန် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၅၀၀၀၊ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀၀၀၀တို့ကို အသီးသီး ပေးအပ် လှူဒါန်းကြရာ စာကြည့်တိုက် ဥက္ကဋ္ဌက လက်ခံ၍ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦး မဟာစည်ရိပ်သာတွင် ဧပြီ ၁၃ ရက်မှ ၁၉ ရက် အထိ ခုနစ်ရက်တိုင် မဟာသတိပဋ္ဌာန် တရားစခန်းကို ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများနှင့်ဆွမ်း၊ကွမ်းဝေယျာဝစ္စ လှူဒါန်းလိုသူများသည် ရိပ်သာကျောင်း ဖုန်း-၆၂၉၄၇၀ သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးကာ လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၀

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ နှင့် ဂုဏ်ပြုပွဲ ကို မတ် ၂၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ရွှေတိဂုံဘုရားလမ်း (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး) သစ်လုပ်ငန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် အသက်(၇၅) နှစ်အထက် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ကို ဂုဏ်ထူးဖြင့် အောင်မြင်သူများ၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ မဟာဥပဒေ၊ ပါရဂူဘွဲ့ရသူများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဆုတံဆိပ် လက်ခံရရှိသူများသည် ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ အိမ်ဖုန်း-၆၆၆၃၅၂၊ ရုံးဖုန်း-၂၂၁၆၈၄၊ ဦးမြင့်သိန်း(တက္ကသိုလ်မောင်မြင့်သိန်း) အိမ်ဖုန်း-၅၀၃၈၄၁၊ ဦးမြင့်သိန်း(ထူးကြီး) ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးမြင့်သန်း အိမ်ဖုန်း-၂၉၄၁၅၀၊ ဦးလှငွေ ဖုန်း-၅၃၇၈၀၉၊ ဦးသောင်းတင် ရုံးဖုန်း-၂၁၄၆၄၇၊ ဦးတင်လှိုင် ရုံးဖုန်း-၅၉၀၁၀၈၊ ၅၉၀၁၀၉၊ ဦးခိုင်ဇော်ဝင်း ဖုန်း-၀၉-၅၁၃၉၁၅၉၊ ရုံးဖုန်း-၃၉၂၂၆၅၊ ဦးအောင်မင်း ရုံးဖုန်း-၂၉၂၇၃၄၊ ဦးအောင်ကျော်ဝင်း ဖုန်း-၀၉-၅၀၁၇၈၂၂၊ အသင်းရုံးဖုန်း ၅၁၉၂၇၃ တို့သို့ ဆက်သွယ်ပြီး သတင်းပေးပို့ကြပါရန်နှင့် သက်ဆိုင်ရာကျောင်းသူ၊ ကျောင်းသားများသည် ထောက်ခံစာများကို မတ် ၁၇ ရက်နောက်ဆုံးထား၍ အမှုဆောင်များထံပေးပို့ကြပါရန်နှင့် အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ အင်္ဂပူမြို့နယ်သူ မြို့နယ်သားများနှင့် စိတ်ပါဝင်စားသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၃-၂၀၀၇ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ ပမ္မဝတီတံတား(မြင်းကဆိပ်)
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ Yan Can Cook
၁၁:၅၅ ၅။ မြန်မာရုပ်ရှင် **"အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ"** ကျော်ဟိန်း၊ ခင်သန်းနု (ဒါရိုက်တာ-စိန်ဖေတင်)
၁၄:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (သေသပ်လှပညီညာ သရက်ကိုင်းသင်ဖြူးဖျာ)
၁၄:၁၀ ၇။ အတီးပြိုင်ပွဲ
၁၄:၂၀ ၈။ တမာနှင့်ဖိုးနီရေလှောင်တမံ
၁၄:၂၅ ၉။ **"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၄:၃၅ ၁၀။ စက်မှုထုတ်ကုန်မုံရွာစက်မှုဇုန်
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Every Day Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၅ခုနှစ်)
၁၇:၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ သီရိဂေဟာ
၁၉:၀၀ ၁၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အိမ်အပြန်လက်ဆောင်ကောင်း ပုသိမ်ဟာလဝါအကြောင်း)
၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သမားတော်"** (အပိုင်း-၉)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းနှင်းဆီ"** (အပိုင်း-၂)

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ရေတပ်ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းမှုပြုလုပ်နေသည်ကို မတ် ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်အား အရေးယူဆောင်ရွက်ရန် တင်ပြလာမှု ရုရှားနှင့်တရုတ်နိုင်ငံက ဆက်လက်ကန့်ကွက်

ဂျီနီဗာ မတ် ၁၀

ရုရှားနှင့်တရုတ်နိုင်ငံတို့သည် အီရန်နိုင်ငံအပေါ် ကုလသမဂ္ဂက အရေးယူမှုများပြုလုပ်ရန် အနောက်အုပ်စုနိုင်ငံတို့က တင်ပြလာခြင်းကို ဆက်လက်ကန့်ကွက်လိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် အဆိုပါ ကိစ္စအတွက် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ရာ ယင်းဆုံးဖြတ်ချက်တွင် အီရန်သို့ ခရီးသွားလာမှုပိတ်ပင်ခြင်း၊ အီရန်နှင့် ကူးသန်းရောင်းဝယ်မှုများ တင်းကျပ်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

ဆွေးနွေး

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် တရုတ်နိုင်ငံတို့မှ နိုင်ငံခြားရေး တာဝန်ရှိသူသည် ကုလသမဂ္ဂသံအမတ်များက လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်း ချမှတ်နိုင်ရန် မတ် ၈ ရက်တွင် ဖုန်းဖြင့် ဆွေးနွေးခဲ့သည်ဟု ဆိုသည်။

သံသယရှိ

အမေရိကန်နှင့် ဥရောပထိပ်တန်းနိုင်ငံများသည် အီရန်အား နျူကလီးယား လက်နက်ထုတ်လုပ်ရန် ယူရေနီယံသန့်စင်နေသည်ဟု သံသယရှိနေသည်။ သို့ရာတွင် အီရန်က လျှပ်စစ်ဓာတ်အားအတွက် ပြုလုပ်နေသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

စီးပွားရေးလျင်မြန်စွာ တိုးတက်လာစေရန် စီမံခန့်ခွဲမှုပညာတတ်ကျွမ်းရန်လိုအပ်

ကွာလာလမ်ပူ မတ် ၁၀

စီမံခန့်ခွဲမှုနည်းပညာ ကြွယ်ဝခြင်းသည် မလေးရှားနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် အဓိက မောင်းနှင်စွမ်းအား ဖြစ်လာမည်ဖြစ်ကြောင်း စီမံခန့်ခွဲမှု သင်တန်းကျောင်းက ကွာလာလမ်ပူမြို့၌ မတ် ၈ ရက်က ပြောကြားလိုက်သည်။

ဖော်ပြ

ယင်းတိုးတက်မှု အလားအလာများသည် နိုင်ငံ၏အခြေခံစီးပွားရေးကို အခြေခံထားကြောင်း ပါရီအခြေစိုက် စီမံခန့်ခွဲရေး သင်တန်း မန်နေဂျာဘီအင်န်ပီပါရာဂက်၏ သတင်းထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

မလေးရှားနိုင်ငံသည် မြို့ပြလူငယ်များ များပြားလာခြင်းနှင့်အတူ ခေတ်မီစွာအလုပ်ကို နှစ်မျိုး၊ သုံးမျိုးခွဲလုပ်လာနိုင်၍ နိုင်ငံ၏စီးပွားရေးမှာလည်းလျင်မြန်စွာ တိုးတက်လာကြောင်း၊ ဝင်ငွေနှင့်လစာများ မြင့်မားလာကြောင်း ၎င်းစီမံခန့်ခွဲမှုကျောင်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

မလေးရှားနှင့်ဂျပန် သဘာဝဓာတ်ငွေ့ဆိုင်ရာ စာချုပ် ချုပ်ဆို

ကွာလာလမ်ပူ မတ် ၁၀

မလေးရှားနိုင်ငံပိုင် ပက်ထရိုနက် ရေနံကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ ဆိုင်ဘူ သဘာဝဓာတ်ငွေ့လုပ်ငန်းတို့သည် ရေနံ၊ စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ ရောင်းချရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း ပက်ထရိုနက် ရေနံကုမ္ပဏီက မတ် ၈ ရက်၌ သတင်းထုတ်ပြန်သည်။

ယခုချုပ်ဆိုသော စာချုပ်အသစ်အရ သဘာဝဓာတ်ငွေ့ရည် တန်ချိန် ၃၉၀၀၀၀ကျော်ကို ပက်ထရိုနက်က ဆိုင်ဘူသဘာဝဓာတ်ငွေ့လုပ်ငန်းသို့ ၂၀၁၃ ခုနှစ် အောက်တိုဘာမှ စတင်ကာ ၁၅ နှစ်တာ ကာလအတွက် ထောက်ပံ့ရောင်းချပေးမည် ဖြစ်သည်။

ပေးပို့

ထိုသို့ သဘာဝဓာတ်ငွေ့ရည်များ ပေးပို့ရာတွင် မလေးရှားနိုင်ငံ ဘင်တူလူမြို့စက်ရုံမှ ဂျပန်နိုင်ငံ နာဂါစကီနှင့် ဟာကာတာမြို့များသို့ ပေးပို့မည်ဖြစ်ကြောင်း ပက်ထရိုနက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ဖြည့်ဆည်း

မလေးရှားနိုင်ငံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဆိုင်ဘူ သဘာဝဓာတ်ငွေ့လုပ်ငန်းတို့သည် ၁၉၉၀ ပြည့်နှစ်မှ စတင်ကာ နှစ်ပေါင်း ၂၀ရေနံနှင့် သဘာဝဓာတ်ငွေ့များ ဖြည့်ဆည်းထောက်ပံ့ရန် ပထမဆုံးစာချုပ် ချုပ်ဆိုထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှားနိုင်ငံ ဆိုချီမြို့တွင် ကျင်းပသည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့အလှမယ် ရွေးပွဲ၌ ပထမရရှိသွားသည့် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်မှ အသက် (၂၉)နှစ်အရွယ် ဒိုင်ရာနေတူကာ(အလယ်)**အား မတ် ၈ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု တောင်ကိုရီးယားတွင် အတည်ပြု

ဆိုးလ် မတ် ၁၀

သေစေနိုင်လောက်သော H_5N_1 ဗိုင်းရပ်စ်ပြန့်ပွားမှုကို ကာကွယ်ရန် ကြက်နာများကိုသုတ်သင်၍ အခြားကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားခဲ့သော်လည်း (အောက်ပုံ) **လွန်ခဲ့သောလများစွာက တောင်ကိုရီးယားနိုင်ငံတွင် ပြင်းထန်သော ကြက်ငှက်တုပ်ကွေးရောဂါ ခုနစ်ကြိမ်မြောက် ဖြစ်ပွားခဲ့ကြောင်း ယင်းနိုင်ငံက မတ် ၈ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။**

ဆိုးလ်မြို့တောင်ဘက် ကီလိုမီတာ၉၀ အကွာရှိ ချိုနန်ဒေသမှ ကြက်မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေး နောက်ဆုံး ဖြစ်ပွားခဲ့ပြီး ဇန်နဝါရီလအတွင်းကလည်း ယင်းဒေသတွင် အလားတူ ဖြစ်ပွားခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ထုတ်ဖော် ပြောကြားခဲ့သည်။

အတည်ပြု

ပြီးခဲ့သည့် နိုဝင်ဘာလက သုံးနှစ်အတွင်း ပထမအကြိမ် H_5N_1 ဖြစ်ပွားမှုကို ယင်းနိုင်ငံက အတည်ပြုခဲ့သည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ မတ် ၁ ရက်နေ့ ကြေညာချက်အရ လွန်ခဲ့သည့် လေးနှစ်ကျော်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကြက်ငှက်တုပ်ကွေးကြောင့် လူ ၁၆၇ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အစပျိုး

ယင်းရောဂါသည် အဓိကအားဖြင့် တိရစ္ဆာန်တွင် ဖြစ်ပွားသည့်ရောဂါအဖြစ် တည်ရှိနေမည်ဖြစ်သော်လည်း လူတစ်ဦးမှတစ်ဦးသို့ လွယ်ကူစွာကူးစက်နိုင်သည်အထိ ဗီဇပြောင်းကာ တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့သွားနိုင်မည့် ရောဂါအဖြစ် အစပျိုးသွားနိုင်ကြောင်း ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

အိန္ဒိယ၌ ဘိလပ်မြေအိတ် ဈေးနှုန်းကျဆင်းစေရန် ပြည်ပသို့ တင်ပို့ရောင်းချခြင်းကို ပိတ်ပင်မည်ဆို

နယူးဒေလီ မတ် ၁၀

အိန္ဒိယနိုင်ငံတွင် ဘိလပ်မြေဈေးနှုန်း ကျဆင်းစေရန်အတွက် ပြည်ပသို့ ဘိလပ်မြေအိတ်များ တင်ပို့ခြင်းကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ကာမယ်နတ်သ်က ဆင်ဟွာသတင်းဌာနသို့ မတ် ၇ ရက်က ပြောကြားလိုက်သည်။

ပိတ်ပင်

အိန္ဒိယအစိုးရက ပြည်တွင်း ဘိလပ်မြေဈေးနှုန်း ကျဆင်းသည်ဖြစ်စေ၊ မကျဆင်းသည်ဖြစ်စေ ပြည်ပသို့ ဘိလပ်မြေအိတ်များ တင်ပို့ရောင်းချနေခြင်းကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ပိတ်ပင်မည့် ရက်အတိအကျကို မကြေညာနိုင်သေးကြောင်း ၎င်းဝန်ကြီးက ပြောကြားသည်။

တိုးချဲ့

အိန္ဒိယနိုင်ငံသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်လာမှုကြောင့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်မှာ နှစ်စဉ် ၁၀ရာခိုင်နှုန်း တိုးလာသည်ဟုဆိုသည်။

ကတိပြု

ထို့အပြင် အိန္ဒိယနိုင်ငံရှိ ဘိလပ်မြေထုတ်လုပ်သူများသည် လာမည့် ငါးနှစ်အတွင်း ဘိလပ်မြေတန်ချိန် သန်း၁၀၀ အပိုထုတ်လုပ်သွားရန် ကတိပြုထားကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပလျက်ရှိသော ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကြည့်ရှုစစ်ဆေးအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမရှိ လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်းကောင်း၊ ခန်းမအပေါ်ထပ်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်နှင့် ကျောက်စိမ်းအထည် ကျောက်အရိုင်းတုံးများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ခန်းမအတွင်း တင်ဒါအဆိုပြုလွှာများဖြည့်သွင်းနေကြသော ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃-လမ်း မှတ်တိုင်အနီး)တွင် ၁၂၉ (A) ၉၃လမ်း ကန်ရှေ့ မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့နေ ဖခင် ဦးသိန်း၊ မိခင်ဒေါ်ညွန့်ရီတို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးတစ်စုတို့က ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်သို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း ယဉ်ကျေးမှုမြင့် ဘဝတင့် ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် **"ယဉ်ကျေးမှုမြင့် ဘဝတင့်"**ဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ (IBC) ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဝင်များ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသန့် (မောင်ဆုရှင်)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဟောပြော

ယင်းနောက် အမျိုးသား စာပေ တစ်သက်တာ စာပေဆုရှင် စာရေးဆရာမကြီး ဒေါ်ရင်ရင် (စောမုံညင်း) **(ဝဲပုံ)**က **"ယဉ်ကျေးမှုမြင့်"** အကြောင်းကိုလည်းကောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင် များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီက **"ဘဝတင့်"** အကြောင်းကို လည်းကောင်း အသီးသီး ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း ကျန်းမာရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါက်တာအောင်ခင်က ရန်ကုန်မြို့နား၊နှာခေါင်း၊လည်ချောင်းဆေးရုံကြီးသို့ Audiometer စက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်လှမြင့်က လက်ခံရယူသည်။

လက်ဆောင်

ထို့နောက် ဟောပြောပေးကြသော အမျိုးသားစာပေ တစ်သက်တာ စာပေဆုရှင် စာရေးဆရာမကြီး ဒေါ်ရင်ရင်(စောမုံညင်း)နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီတို့အား အသင်းကိုယ်စား ဒုတိယဗိုလ်မှူးကြီးညီဖြူ (ငြိမ်း)က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အပူချိန်

၁၀-၃-၂၀၀၇

နေပြည်တော်

၁၈ ဒီဂရီစင်တီဂရိတ်

သီပေါ

၁၀ ဒီဂရီစင်တီဂရိတ်

မြစ်ကြီးနား

၁၃ ဒီဂရီစင်တီဂရိတ်

ကလေးဝ

၁၄ ဒီဂရီစင်တီဂရိတ်

မုံရွာ

၁၇ ဒီဂရီစင်တီဂရိတ်

ရန်ကုန် (ကမ္ဘာအေး)

၁၈ ဒီဂရီစင်တီဂရိတ်

မန္တလေး

၁၉ ဒီဂရီစင်တီဂရိတ်

မိုးလေဝသအခြေအနေ

၁၁-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် သာယာမည်။

Canon Club Myanmar ဖွင့်ပွဲနှင့် ကင်မရာအမျိုးအစားသစ် မိတ်ဆက်

ရန်ကုန် မတ် ၁၀

Accel International Co., Ltd. က ကြီးမှူးကျင်းပသည့် Canon Club Myanmar ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း တောင်ဘက်တန်း အမှတ်(၇/၁၁)ရှိ Canon Club Myanmar ၌ ကျင်းပသည်။

အခမ်းအနားတွင် Accel International Co.,Ltd.မှ Managing Director Mr. Alvin Law နှင့် Canon Singapore Pte. Ltd. မှ Marketing Manager Mr. Joe Matsumoto တို့က Canon Club Myanmar ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသော ဧည့်သည်များက Canon Club Myanmar အတွင်း လှည့်လည်ကြည့်ရှုကြသည်။

နှုတ်ခွန်းဆက်

ဖွင့်ပွဲအခမ်းအနား အပြီးတွင် Canon Digital Camera အမျိုးအစားသစ် မိတ်ဆက်ပွဲနှင့် သရုပ်ပြရှင်းလင်းပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ Accel International Co., Ltd. မှ Managing Director Mr. Alvin Law **(အောက်ဝဲပုံ)** နှင့် Canon Singapore Pte. Ltd. မှ Marketing Manager Mr. Joe Matsumoto တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Canon Singapore Pte. Ltd မှ Mr. Roland Poon က Canon Digital SLR Camera EOS-1D Mark III အကြောင်းကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး ဝူရှူးနှင့် ပိုက်ကျော်ခြင်း လက်ရွေးစင်အားကစားသမားများ၏ သရုပ်ပြသမှုကို လက်တွေ့ဓာတ်ပုံရိုက်ကူးပြသသည်။

Canon Club Myanmarသည် Canon Digital SLR Camera များကို ဝယ်ယူသုံးစွဲသူများအတွက် သီးသန့် ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ Canon Club ၌ အသင်းဝင်အဖြစ် လျှောက်ထားလိုသူများသည် Canon အမျိုးအစား Digital SLR Camera တစ်လုံးနှင့် Lens တစ်ခု ကိုင်ဆောင်အသုံးပြုသူ ဖြစ်ရမည်ဖြစ်သည်။

ဝယ်ယူနိုင်

Canon အမျိုးအစား Digital Camera အမျိုးမျိုးတို့ကို Canon အရောင်းပြခန်း ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း တောင်ဘက်တန်း အမှတ် ၇/၁၁ ဖုန်း-၂၄၃၀၃၆ နှင့် ၂၄၃၀၃၈တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် မတ်လအတွက်

(၁၁-၃-၂၀၀၇) ရက်နေ့ နှင့် (၂၅-၃-၂၀၀၇) ရက်နေ့

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဩစတြေးလျအနောက်မြောက်ပိုင်း၌ မုန်တိုင်းတိုက်ခတ် အနည်းဆုံး လူသုံးဦးသေဆုံးပြီး၊ ၂၀ဒဏ်ရာရရှိ



ဆစ်ဒနီ မတ် ၁၀

ဩစတြေးလျနိုင်ငံ အနောက်မြောက်ပိုင်း၌ အားပြင်းသော ဆိုင်ကလုန်းမုန်တိုင်းတစ်ခု မတ် ၉ရက် ဂရင်းနစ်စံတော်ချိန် ၁၁နာရီ ၁၀မိနစ်က တိုက်ခတ်ခဲ့ရာ အနည်းဆုံး လူသုံးဦးသေဆုံးပြီး ၂၀ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျော့အမည်ရှိ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင်မိုင် ၁၇၀နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ ဟတ်ဒ်လန်းဆိပ်ကမ်းမြို့၌ နေအိမ်များ ပျက်စီးသွားပြီး လျှပ်စစ်ဓာတ်တိုင်များ ပျက်စီးသွားကြောင်း သိရသည်။

ယင်းမုန်တိုင်းကြောင့် ကမ်းဝေးရေနံထုတ်လုပ်ရေးလုပ်ငန်းအချို့နှင့် သံသတ္တုရိုင်း ထုတ်လုပ်ရေးကုမ္ပဏီ တစ်ခုတို့ပိတ်ထားရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ယင်းမုန်တိုင်းသည် အဆိုပါ ဆိပ်ကမ်းမှ တောင်ဘက်သို့ တစ်နာရီလျှင် ၆၂မိုင်နှုန်းဖြင့် ရွေ့လျားတိုက်ခတ်နေကြောင်း၊ လာမည့်သီတင်းပတ်တွင် မုန်တိုင်းကြီးများ ၎င်းဒေသသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း မုန်တိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ပြောကြားသည်။

၎င်းမုန်တိုင်းကြောင့် မီးရထားလမ်းဖောက်လုပ်နေသော အလုပ်သမားများ၏ ယာယီတဲများလည်း အများအပြား ပျက်စီးခဲ့ကြောင်း၊ အဆိုပါဒေသ၏ မြို့သုံးမြို့ရှိ နေအိမ်အမိုးများ ပြုတ်ထွက်ခြင်း၊ သစ်ပင်များ လဲကျခြင်းနှင့် ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ (အင်တာနက်)

တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မွန်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန် မှာကြား

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မတ် ၅ ရက်က ရေးမြို့တပ်နယ်ရိပ်သာ၌ ရေးမြို့၊ လမိုင်းနှင့် ခေါဇာမြို့တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း၊ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ရေးမြို့နယ် မော့ကနင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်သွားကြရန် အကျယ်တဝင့် ဆွေးနွေးမှာကြားကြပြီး လမိုင်းမြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၏ အဆိုပြုလွှာ စောင်ရေ ၁၅၅၀ကို လက်ခံပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးအတွက် အလှူငွေများပံ့ပိုးပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် သံဖြူဇရပ်မြို့နယ် ဝါဂရူကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး စက်ရေတွင်းအား လှည့်လည်ကြည့်ရှုကြသည်။

ဖြည့်ဆည်းလှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဖောင်စိန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ကြပြီး ကျောင်းအတွက် လိုအပ်လျက်ရှိသော စာသင်ခုံများကို တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က ဖြည့်ဆည်းလှူဒါန်းသည်။

ကူညီပံ့ပိုးပေး

ညနေပိုင်းတွင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် မုဒုံမြို့နယ် အဘစ်ကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်အောင် ခြံစည်းရိုး ပတ်လည်၌ ကွမ်းသီးပင်များ စိုက်ပျိုးကြရန်မှာကြားပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က လိုအပ်သည်များ ကူညီပံ့ပိုးပေးသည်။

အသင်းဝင်အဆိုပြုလွှာပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ကလော့သော့ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားသည်။ ယင်းနောက် တောင်ပကျေးရွာ စည်းရုံးရေးမှူးက အသင်းဝင်အဆိုပြုလွှာ အစောင် ၆၅၀ကို ပေးအပ်ရာတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် မုဒုံမြို့ ကန်ကြီးစေတီတော်သို့ ရောက်ရှိပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကန်ကြီးစေတီတော်အတွက် အလှူငွေများ လှူဒါန်းသည်။

ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်

တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် မတ် ၆ ရက် နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ကြက်ဆူပင် ဘိုင်အိုဒီဇယ်ထုတ်လုပ်မှု၊ စမ်းသပ်ထုတ်လုပ်ထားသော ဘိုင်အိုဒီဇယ်ဆီ နမူနာများ၊ ကြိတ်စက်ဖြင့် ကြက်ဆူစေ့များ ကြိတ်၍ ဆီထုတ်ယူနေမှုကို ကြည့်ရှုပြီး ကြက်ဆူပင်များကို ယခုထက် ပိုမိုစိုက်ပျိုးပြီး လောင်စာဆီအစားထိုးအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရန် မှာကြားသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သထုံမြို့ သုဝဏ္ဏ ခန်းမ၌ ကျင်းပသည့် အခြေခံကြံ့ခိုင်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား၊ သင်တန်းသူ ၁၅၀တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုနှင်းသဘင်

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် မြို့နယ်သာသနာရေး ဦးစီးဌာနတို့မှ နှစ်စဉ်ကျင်းပသော မြို့နယ်လုံးဆိုင်ရာ (၂၃)ကြိမ်မြောက် ယဉ်ကျေးမှုစာ မေး ပွဲ ဆု နှင်းသဘင် အခမ်းအနားကို မတ် ၄ရက်က ပဏ္ဍိတာရာမ ကျောင်းတိုက်တွင် ကျင်းပစဉ်။ (က-ပ)

အဘိဓမ္မာ ပြန့်ပွားရေးအသင်း ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန်မြို့ အဘိဓမ္မာ ပြန့်ပွားရေးအသင်းကြီး၏ (၄၇) ကြိမ်မြောက် သြဝါဒါစရိယ ဆရာတော်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် အဘိဓမ္မာသင်တန်းပြ ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုထောမနာ အခမ်းအနားကို ၁၃၆၈ခု တပေါင်းလပြည့်ကျော် ၁၂ရက်၊ မတ်၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မ ရတနာဃရ (အဘိဓမ္မာ ဓမ္မာဗိမာန်တော်ကြီး)၌ ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းသား၊ အသင်းသူများ ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်

နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသည့် မဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ရ ပုသိမ်မြို့ မရမ်းချိုကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ပုသိမ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတအား ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၉ ရက်တွင် မရမ်းချိုကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း- ၀၄၂-၂၁၉၄၄၊ ၀၄၂-၂၅၅၀၈နှင့် ၀၉၅၂-၀၀၁၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကန့်ဘလူ လှည်းပွဲအမက ပညာရေးစုံညီ

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် လှည်းပွဲအမက၏ ၂၀၀၆-၂၀၀၇ ခုနှစ် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၂၉ ရက်နံနက်က လှည်းပွဲရွာ အမက ခန်းမဆောင်၌ကျင်းပရာ ပညာရေးမှူး ကိုယ်စား ချုပ်ကြီး အလကမှ ကျောင်းအုပ်ကြီး ဦးစိန်မောင်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ချော က ပညာရေး စုံညီပွဲတော်ကျင်းပရခြင်းအကြောင်း ရှင်းလင်း ပြောကြားကာ ကျောင်းသား ကျောင်းသူများက အကပဒေသာဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

နွားထိုးကြီး မြို့နယ်သူမြို့နယ်သားများ၏ ဂုဏဝိသိဋ္ဌပူဇာသဘင်

ရန်ကုန်မြို့ရှိ နွားထိုးကြီးမြို့နယ်သူ မြို့နယ်သားများ စုပေါင်း၍ ဘွဲ့တံဆိပ်တော်ရ သံဃာတော်နှစ်ပါးနှင့် သီလရှင်တစ်ပါးတို့အား ဂုဏဝိသိဋ္ဌပူဇာသဘင်ကို မတ်၃ရက်က တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်၌ ကျင်းပရာ အလှူရှင်များက အပူဇော်ခံဆရာတော်၊ သီလရှင်နှင့် ပင့်သံဃာများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြကာ ဘဒ္ဒန္တပဏ္ဍိတဝရာဘိဝံသ ချီးမြှင့်သော အနုမောဒနာတရားကို နာယူကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာ ဟောပြော

မြန်မာနိုင်ငံဆရာဝန်အသင်း ဆီးနှင့်ကျောက်ကပ် ရောဂါဆိုင်ရာအဖွဲ့က World Kidney Dayကို ကြိုဆိုသောအားဖြင့် စဉ်ဆက်မပြတ် ဆေးပညာ ဟောပြောပွဲ တစ်ရပ် (Continuous Medical Education Programme)ကို မတ် ၁၀ရက် နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံ ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံတွင် အဖြစ်များသည့်ဆီးနှင့်ကျောက်ကပ်ဆိုင်ရာ ရောဂါများနှင့်ပတ်သက်သည့် တွေ့ရှိချက်များကို ဆီးနှင့်ကျောက်ကပ် အထူးကု ဆရာဝန်ကြီးများက ဟောပြောပို့ချကြောင်း သိရသည်။

မြန်မာ့အလင်း

ပြည်တွင်းသတင်း

အတိုအထွာ

ဖလမ်း တလန်လဲန်း စိမ့်စမ်းရေသွယ် ရေပိုက်လိုင်းများပြုပြင်

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် အမှုဆောင်အရာရှိ ဦးတလာဟရဲ ကြီးကြပ်လျက် ဖလမ်းမြို့မှ ၁၂ မိုင်၊ ၆ ဖာလုံကွာဝေးသော တလန်လဲန်း စိမ့်စမ်းရေသွယ် ရေစုကန်ပြုပြင်ခြင်း၊ ပင်မလေးလက်မ ရေပိုက်လိုင်းများပြုပြင်ခြင်းနှင့် ဖလမ်း-ရိစ်လမ်းခွဲ လေးလက်မသံပိုက်လိုင်းအစားထိုး ပြုပြင်ခြင်းများကို ဖေဖော်ဝါရီ ၂၈ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မတ် ၃ ရက်တွင် လုပ်ငန်းများဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

မူးယစ်ကင်းစင်

အလှဆင်

သဃ်န်းကျွန်းမြို့နယ် ဇဝန လုံးချင်း အမှတ် ၇ နေ ဗိုလ်မှူးကြီးအောင်မြင့် (ငြိမ်း) - ဒေါ်ဥမ္မာ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် ၂ အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ (ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့က လက်ခံယူစဉ်။

(က-ပ)

ပန်းဘဲတန်း ပြန်/ဆက် စာဖတ်ဝိုင်း

ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ် ၇ရက် နံနက်ပိုင်းက စာဖတ်ဝိုင်းကျင်းပရာ ချစ်နိုင်(စိတ်ပညာ)၏ ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်သို့ စာပေဟောပြောပွဲခရီး ဆောင်းပါးနှင့် စာရေးဆရာမိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)ရေးသားသည့် အမွေခံထိုက်စေ အမျိုးသားစာပေစာအုပ်မှ စာကြည့်တိုက်နိုင်ငံ ဆောင်းပါးတို့ကို စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နုနုရီနှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်လှလှမြင့်တို့က ဖတ်ကြားကြသည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

စစ်ကိုင်းတိုင်းကောလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်အတွင်းရှိကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ရက်က ကောလင်းမြို့နယ် ငွေးတောက်တော၊ ရှမ်းကလုံး၊ ဆေးမင်းခုံ၊ ပူတောကလုံး၊ ကျွန်းကလုံးကျေးရွာနှင့် ပန်းတင်ကျေးရွာများ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးစိန်မြင့်၊ ခတ်ပုံကျွမ်းကျင် ဦးအောင်ကျော်စိုး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်(သိန်းကျော်မြင့်-ကောလင်း)တို့က ဆွေးနွေးပြောကြားကြသည်။

ကလေးသူငယ်အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်

ယူနီဆက်ဖ်နှင့်ဝိုင်အမ်ဘီအေအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကလေးသူငယ် အခွင့်အရေးများနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်ပွဲကို မတ် ၇ရက် နံနက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းမ၌ ကျင်းပရာ ဝိုင်အမ်ဘီအေ အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီနှင့်တာဝန်ရှိသူများကအမှာစကားပြောကြားကြပြီး သင်တန်းတွင် ကလေးသူငယ်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ သင်ကြားပို့ချကြောင်း သိရသည်။

အင်းတော်တွင် ခုံးကျော်တံတားနှင့် မူလတန်းလွန်ကျောင်းဖွင့်

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် မံထုံအုပ်စု မင်းကုန်းရွာ နမီးကျောင်း လူကူးခုံးကျော် တံတားဖွင့်ပွဲနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်က မင်းကုန်းရွာတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် လူကူးခုံးကျော်တံတား တည်ဆောက်ရေးဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခြေခံပညာမူလတန်းလွန်ကျောင်းနှစ်ထပ်ကျောင်းဆောင်သစ်မုခ်ဦးကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ဖြူဖြူဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်း လုပ်ငန်းဆိုင်ရာသင်တန်းဖွင့်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပင်လယ်လိပ်မျိုး ထိန်းသိမ်းခြင်းလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်က မြိတ်မြို့ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၂) ဦးသာဒိုးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးရေးရာ သိကောင်းစရာ ဟောပြော

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အမျိုးသမီးရေးရာ သိကောင်းစရာဟောပြောပွဲနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်က မြိတ်မြို့နယ် ခုံမော်ကျေးရွာ အေးရှားဝေါလ်ဆီအုန်းခြံတွင်ကျင်းပရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးက အမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်သူဇာတင်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ခရိုင်တရားသူကြီး ဒေါ်အမာနှင့် ၄က်ဖျားရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်နီနီအေးတို့က အသီးသီးဟောပြောကြပြီး အေးရှားဝေါလ် ဆီအုန်းကုမ္ပဏီမှ အမျိုးသမီးများ ကိုယ်စား အမျိုးသမီးတစ်ဦးက အမျိုးသမီးရေးရာ အဖွဲ့ဝင်အဆိုပြုလွှာများကို လည်းကောင်း၊ အေးရှားဝေါလ် ဆီအုန်းကုမ္ပဏီ ဒုတိယစီမံကိန်းမန်နေဂျာ ဦးမောင်မောင်သွင်က အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်သည်။

လှိုင်သာယာမြို့နယ်အောင်မြေသာယာရွှေစေတီတော်ပရိဝုဏ်အတွင်း ရခိုင်မောင်/မယ် တံမြက်လှဲအသင်းက ကြီးမှူးဆောက်လုပ်မည့်ရက္ခသီလဓမ္မာရုံ ဆောက်လုပ်ရန် စုပေါင်းအလှူငွေကျပ် ၄၂ သိန်း တစ်သောင်းခြောက်ထောင်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီးဒေါ်မြင့်ခင်က ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် လယ်ဝေး ချောင်းမငယ်တမံကြည့်ရှု ကျောက်တစ်လုံး ကျောင်းစုကျေးရွာ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၁၀

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်သည် လယ်ဝေးမြို့နယ် ချောင်းမငယ် ရေလှောင်တမံ ရေပေးဝေမှုနှင့် ရေဝေမှုအခြေအနေကိုလည်းကောင်း၊ ကျောက်တစ်လုံး ကျောင်းစုကျေးရွာ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးရန် မတ် ၈ရက် မွန်းလွဲ ၁နာရီခွဲက လယ်ဝေးမြို့နယ်သို့ရောက်ရှိပြီး ရှေးဦးစွာ ကျောက်တစ်လုံး ကျောင်းစုကျေးရွာရှိ ရေပေးဝေမှု အခြေအနေကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ စာသင်ကျောင်းများနှင့် ကြက်ဆူပင်စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး တို့က ကျောက်တစ်လုံး ကျောင်းစုကျေးရွာ တိုးတက်ရေး စာကြည့်ခန်းအတွက် မဂ္ဂဇင်း၊ ဂျာနယ်များကို စာကြည့်တိုက်မှူးများအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းသို့ သွားရောက်၍ ငွေကျပ် ၅၂၀၀၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းများကို ဆေးခန်းတာဝန်ခံအားပေးအပ်ပြီး ဆေးဝါးများကို အကျိုးရှိရှိ စနစ်တကျသုံးစွဲရန် မှာကြားကာ ခြံစည်း ရိုးကြက်ဆူပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် ကျောက်တစ်လုံး ကျောင်းစုကျေးရွာမှ ပြည်သူများနှင့် အဆိုပါကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌တွေ့ဆုံကြသည်။

ကြိုးစားစိုက်ပျိုး

ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်ချပြီးဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာပြည်သူများအနေဖြင့် နိုင်ငံတော်၏စေတနာအမှန်ကို သိရှိနားလည်ကြပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ လျှပ်စစ်မီးရရှိရေးကိုလည်း သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ စီမံကိန်းဝင် သီးနှံများဖြစ်သော မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုးနှင့် ခြံစည်းရိုး ကြက်ဆူပင်များကိုလည်း တိုးတက် အောင်မြင်အောင်ကြိုးစားစိုက်ပျိုးကြရန်လိုကြောင်း ပြောကြားသွားသည်။

ပေါင်းစပ်ညှိနှိုင်း

ဆက်လက်၍ ကျေးရွာပြည်သူများကိုယ်စား ကျောက်တစ်လုံးကျောင်းစုကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သိန်းနှင့် အဖွဲ့ဝင်များက တင်ပြဆွေးနွေးကြရာ တိုင်းမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက ကျောက်တစ်လုံး ကျောင်းစုကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များအား တူညီဝတ်စုံများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့်ဌာနဆိုင်ရာများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားမှုများကိုရှင်းလင်းတင်ပြကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီးတို့က ကျေးရွာပြည်သူများနှင့်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက်တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာအနီးရှိ ချောင်းမငယ်ရေလှောင်တမံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ချောင်းမငယ်ရေလှောင်တမံ အမျိုးအစားမှာ မြေသားတမံဖြစ်ကြောင်း၊ ကီလိုဝပ် ၅၀ ရေအားလျှပ်စစ်တာဘိုင်တစ်လုံး တပ်ဆင်ပြီး နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၀ ဒသမ ၁၆ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၈၀၀၀ ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် ဖြည့်စွက်ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ချောင်းမငယ်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်မှ ရေဝင်ဧရိယာနှင့် ထိစပ်နယ်မြေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်သည် ပန်းညိုစမ်းနှင့် ကြိမ်ဖမ်းကျေးရွာတို့အနီး ရေသွယ်မြောင်းတူးဖော်နေမှုကိုလည်းကောင်း၊ မဒေါပင်ကျေးရွာအနီး စက်ယန္တရားကြီးများဖြင့် ရေပေးမြောင်းများ တူးဖော်နေမှုကိုလည်းကောင်း၊ ကုန်းပေါ်စုကျေးရွာ၊ ကန်လှကျေးရွာနှင့် ရှမ်းစုကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့ပိုင်း)မိခင်/ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ယင်လုံအိမ်သာခွက်များနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်း

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ပဲခူးတိုင်း(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ယင်လုံအိမ်သာခွက်များနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အလှူပစ္စည်းများ လှူဒါန်းရခြင်းနှင့်အသင်းအဆင့်ဆင့်၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနက ကူညီပံ့ပိုးသော ယင်လုံအိမ်သာ ခွက် ၁၀၀ကို ပဲခူးတိုင်း(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်ထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဒေါ်တင်တင်မြက ငွေကျပ်သိန်း ၃၀တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဌေးအောင်သို့လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဒေါက်တာသန်းဦးက မူကြိုကျောင်းသုံးစာကြည့်တိုက်သေတ္တာနှင့် စာအုပ်များကို ပဲခူးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်မြင့်မြင့်စန်းသို့လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

မှာကြား

ထို့နောက်မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့သည် ဟင်္သာကုန်း မူလတန်းကြိုကျောင်းသို့ ရောက်ရှိပြီး မူကြိုကလေးငယ်များ၏ လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကာ မုန့်နှင့်ကစားစရာရုပ်များ ပေးအပ်၍ ကလေးများအား အာဟာရ တိုက်ကျွေးနေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

သင်တန်းဆင်းပွဲတက်ရောက်

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့သည် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးခန်းမ၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးဖွင့်လှစ်သော ဒေသခံအရန်သားဖွားဆရာမသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ကာ ထူးချွန်သင်တန်းသူများအား ဆုများ ပေးအပ်ခြင်း၊ သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ပဲခူးတိုင်း(အရှေ့ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တွင် အသုံးပြုရန် Clean Delivery Kit အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့ဝင်များသည် ပဲခူးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ ကျန်းမာရေး အသိပညာပေးကာ ဆေးဝါးနှင့်အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး သားဖွားခန်း ကြီးကြပ်မှုကော်မတီဝင်များနှင့် ဝန်ထမ်းများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့်အဖွဲ့ဝင်များသည် သီရိဟံသာခန်းမ၌ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်များမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံများနှင့် တွေ့ဆုံကာ စကားဝိုင်း ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများကရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် ခန်းမအပြင်၌ ပြသထားသည့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ) (သတင်းစဉ်)**

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၀

ချောက်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့်၂၀၀၆ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့်အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဧပြီလတွင် ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများ၏ အမှတ်စာရင်းမိတ္တူကို မတ် ၂၀ရက် နောက်ဆုံးထား၍ အသင်းဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဇံ ဖုန်း-၅၂၄၈၀၇၊ဒေါက်တာမောင်မောင်မြင့် ဖုန်း-၂၄၀၅၄၄ နှင့် အတွင်းရေးမှူးဦးဌေးအောင် ဖုန်း-၂၉၃၄၂၀တို့သို့ ဆက်သွယ်ပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

11-3 (07) 1 3/11/07, 2:45 PM

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၇)ထွက်ပြီ

ရန်ကုန် မတ် ၁၀

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)၊ အမှတ်(၇)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယခုတစ်ပတ်ဂျာနယ်တွင် နိုင်ငံခြားသားများနှင့် ကမ္ဘာလှည့်ခရီးသည်များ၏ ထူးခြားလှုပ်ရှားမှုများကို သတင်းပို့ရန်လိုအပ်၊ ရန်ကုန်မြို့တွင်း မီးပွိုင့်များတွင် အင်ဗာတာများနှင့် ဘက်ထရီအိုးများကို တပ်ဆင်သွားမည်။ မထသယာဉ်များဖြင့် အတိုက်အခံရသူများအတွက် မထသရုံးချုပ်မှ နစ်နာကြေးနှင့် လျော်ကြေးငွေများ ထုတ်ပေးမည်၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် သစ်လုပ်ငန်းရှင်များ လျာထားချက်ဝင်ငွေပြည့်မီရန် ဆောင်ရွက်၊ မူဆယ်(၁၀၅)မိုင် ဈေးကွက်တွင် ရေထွက်ပို့ကုန် ငါးရှဉ့်၊ ကဏန်းရောင်းဝယ်မှု အားကောင်းလျက်ရှိ၊ ထိုင်းနိုင်ငံ၊ မဟာချိုင်မြို့ ရာညပအူးရေလုပ်ငန်းစက်ရုံကို ရှောင်တခင်ဝင်စစ်ရာမှ ညှဉ်းပန်းနှိပ်စက်ခံ မြန်မာအလုပ်သမားများ ရှာဖွေတွေ့ရှိခဲ့၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးနှင့်အပြစ်များကို သတိပြုရန်လိုအပ်၊ စိုက်ပျိုးရေးနှင့် သစ်အခြေခံလုပ်ငန်း ဘေးထွက်ပစ္စည်းသုံး၊ ဓာတ်ငွေ့သုံးစက် တွင်ကျယ်စွာဖြန့်ဖြူး ကုန်ထုတ်စွမ်းအားပိုမိုတိုးတက်ဖွယ်ရှိ၊ ကျေးလက်က ချောတိုင်တက်ပြိုင်ပွဲ၊ အာရှ၏ အကြီးဆုံး မျက်လုံးတစ်ထောင်၊ လက်ချောင်းတစ်ထောင်မယ်တော်ရုပ်တုကြီး ရာနှုန်းပြည့်ပြီးစီးစသည့် သတင်းများအပြင် နိုင်ငံတကာသတင်းများ၊ ဆောင်းပါးများကိုပါ ပြည့်ပြည့်ဝဝ ဖတ်ရှုရမည်ဖြစ်သည်။ **(အပေါ်ပုံ)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့်ဆိုင်များမှာ မန္တလေး ထွန်းဦးစာပေ၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ မောင်မူစာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းစာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်ကြသည်။

အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ပါက စိမ်းလဲ့ရွှေပြည်ဂျာနယ်တိုက် အမှတ် ၂၂၈ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန် ဖုန်း-၃၈၂၀၇၀ သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၂၀) ဖြန့်ချိ

ရန်ကုန် မတ် ၁၀

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၂၀)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ဝဲပုံ)**

အဆိုပါဂျာနယ်တွင် ဆောင်းပါးများအပြင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြည့်ဝရေးလက်တစ်ကမ်း၊ ထမံသီနှင့်သံလွင်တာဆန်းကြီးမားသည့် ရေအားလျှပ်စစ်စီမံကိန်းကြီးများမှာ စိတ်ကူးယဉ်အိပ်မက်မဟုတ်၊ ကျိုင်းတောင်း၊ ရွှေလီ၊ ကြီးအုံကြီး၀ စသည့် စီမံကိန်းများလည်း မကြာမီပြီးစီးတော့မည်။ စစ်တောင်းမြစ်ဝှမ်း၌ လျှပ်စစ်စီမံကိန်း ၁၃ ခုရှိ၍ ရဲနွယ်၊ ပေါင်းလောင်းနှင့် ခေါင်းတူစီမံကိန်း သုံးခုပြီးစီး၊ ရှားပါးငါးမျိုး ငါးတီးနှင့် ရေပုတ်သင်ကို မျိုးထိန်း၊ ပြည်ပဈေးကွက်ကြိုက် ငါးကျောင်းနှင့် လူကြိုက်များသည့် ငါးကျည်းအလားအလာ၊ ပင်လယ်ကူးသင်္ဘောသားနှင့် ဟိုတယ်ဝန်ထမ်းနည်းပညာ အခမဲ့သင်တန်းဖွင့်မည်၊ ခြံစည်းရိုးကြက်ဆူပင် ခြောက်နှစ်အတွင်း ဧကရှစ်သန်းစိုက်မည်၊ ကုမ္ပဏီအချို့က ပြည်ပတင်ပို့ရန်အထိမျှော်မှန်း၊ မွေးမြူရေးအသင်း ကွန်ရက်များ ချိတ်ဆက်လှုပ်ရှား၊ မြန်မာ့ခရီးသွားလုပ်ငန်း၊ မြင်းခြံစက်မှုဇုန်နှင့် မော်တော်ယာဉ်ထုတ်လုပ်မှု၊ သမ္မတချာဗက်စ်အား ကွန်ဂရက်မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ အထူးအာဏာတစ်ရပ်အပ်နှင်းခြင်း၊ ဘုန်းတော်ကြီး အယ်လ်ဆတ်အ်အီရန်သို့ထွက်ခွာ၊ အာဖရိက၌ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများကောင်းသည့် လက္ခဏာရှိဟု ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ် ဥက္ကဋ္ဌကပြောကြား၊ ကိုရီးယားကျွန်းဆွယ်၏ နျူကလီးယားအရေး ဖုန်းဖြင့်ဆွေးနွေး စသည့် ပြည်တွင်း ပြည်ပသတင်း ဓာတ်ပုံဝေဝေဆာဆာပါရှိသည်။

ရွှေနိုင်ငံဂျာနယ်ဝယ်ယူနိုင်သည့်ဆိုင်များမှာ မန္တလေး ထွန်းဦးစာပေ၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ မောင်မူစာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းစာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့ဖြစ်သည်။ အနယ်နယ်အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင် စာမူပေးပို့ရန်လိပ်စာမှာ ရွှေနိုင်ငံဂျာနယ်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲပေါင်း ၈၇ တွဲ ရောင်းချရ

ရန်ကုန် မတ် ၁၀

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ မတ် ၈ ရက်မှ ယနေ့ညနေပိုင်းအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမ၌ ပုလဲအတွဲပေါင်း ၃၁၀ ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ပုလဲအတွဲပေါင်း၈၇တွဲကို ပြည်ပ ရတနာကုန်သည်များက ဝယ်ယူသွားကြသည်။

ဆက်လက်ရောင်းချ

ကျောက်မျက်အတွဲပေါင်း ၃၈၀ ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၂ ရက်တွင် မြန်မာ့ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

မတ် ၈ ရက်မှ မတ် ၂၀ ရက်အထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲပေါင်း ၅၈၅၈ တွဲကို ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များသည် မိမိတို့ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြပြီး တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းမှ ရတနာကုန်သည်၁၂၁၄ ဦးနှင့် ပြည်ပမှ ရတနာကုန်သည် ၁၈၆၃ ဦး စုစုပေါင်း ရတနာကုန်သည် ၃၀၇၇ ဦးတို့ ယနေ့ညနေပိုင်းအထိ ရောက်ရှိနေကြပြီး ပြည်ပမှ ရတနာကုန်သည်များသည် မတ် ၁၂ ရက်အထိ ဆက်လက်ရောက်ရှိကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

● ***ကျောဖုံးမှ***

ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသားများ၊ ဧည့်သည်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ UMFCCI Office Tower၏ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီက အဆောက်အအုံဥပစာ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယကအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဒုတိယဥက္ကဋ္ဌ အသင်းချုပ်အဆောက်အအုံသစ် တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖဲကြိုးဖြတ်၍ UMFCCI Office Tower၏ အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက စက်ခလုတ်နှိပ်၍ UMFCCI Office Tower ရှိ 'ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်' စာတမ်းနှင့် 'The Union of Myanmar Federation of Chambers of Commerce and Industry' စာတမ်းတို့ကို ဖွင့်လှစ်ပေးသည်။

ကံ့ကော်ပင်စိုက်ပျိုးပေး

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အသင်းချုပ်အဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အဆောက်အအုံသစ် ဥပစာ၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

နံ့သာရည်ပက်ဖျန်းပေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်ခလုတ်နှိပ်၍ UMFCCI Office Tower အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကိုဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အဆိုပါ အသင်းချုပ်အဆောက်အအုံသစ်မှာ Basement Floor တစ်ထပ်ပါဝင်ပြီး ၁၂ ထပ်အဆောက်အအုံဖြစ်သည်။ မြေညီထပ်တွင် ဧည့်ကြိုခန်း၊ ဧည့်ခန်းမဆောင်၊ သင်တန်းပို့ချနိုင်သည့် ခန်းမနှင့် ထုတ်ကုန်ပစ္စည်းများပြသခန်းတို့ ပါဝင်သည်။ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့တွင် အသင်းချုပ်၏ ရုံးခန်းများ၊ အစည်းအဝေးခန်းများနှင့် သင်တန်းခန်းငါးခန်းတို့ပါဝင်သည်။ လေးထပ်မှ ၁၂ ထပ်အထိတို့တွင် ညီနောင်အဖွဲ့အစည်းများ၏ ရုံးခန်းများနှင့် ကုမ္ပဏီရုံးခန်းများဖွင့်လှစ်ရန် တည်ရှိပြီး အကျယ်အဝန်းမှာ ၉၉ ပေ x ၄၅၆ ပေဖြစ်သည်။ Basement Floor ၌ ယာဉ်အစီး ၃၅စီး ရပ်နားရန်နေရာနှင့် ဝင်းအတွင်းရှိ ယာဉ်ရပ်နားရန်နေရာ၌ ယာဉ် ၂၅စီးတို့ ရပ်နားနိုင်ရန်နေရာများ ပါရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်က အထက (၃) ဒဂုံမြို့သစ် (တောင်ပိုင်း) ခန်းမတွင် ပြုလုပ်သော ကျောင်းမိသားစု(၂) ဆုပေးပွဲအခမ်းအနားတွင် ဆရာမကြီး ဒေါ်သန်းမြဦးက အမက(၁)မှူလွန်မှ စတုတ္ထတန်းကျောင်းသား မောင်ပိုင်ပြည့်ဖြိုးဟိန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

ကုန်စည်ပြပွဲ

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ကုန်စည်ပြပွဲ ၂၀၀၇ ဖွင့်ပွဲကို အဆိုပါ အသင်းချုပ်ဝင်းအတွင်း၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်၍ ကုန်စည်ပြပွဲ-၂၀၀၇ ကို ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကုန်စည်ပြပွဲ ၂၀၀၇၌ ပြသထားသော ညီနောင်အဖွဲ့အစည်းများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ၊ ပြည်နယ်နှင့်တိုင်း စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းများမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် အသင်းချုပ်အဆောက်အအုံ ပထမထပ်ရှိ ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးဆိုသည့် ဦးတည်ချက်အောင်မြင်စေရေးကို အဘက်ဘက်က အားပေးကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဖွဲ့စည်းပေးထား

အလားတူ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ဦးဆောင်စည်းရုံးကြီးကြပ် ထိန်းကျောင်းပေးနိုင်ရန်တို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကို ဖွဲ့စည်းပေးထားခြင်းဖြစ်ကြောင်း။

လျှပ်စစ်စွမ်းအားဖြည့်ဆည်းပေး

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတစ်ဝန်းလုံးတွင် စက်မှုဇုန်ပေါင်း ၁၈ ဇုန်ကို ထူထောင်ပေးထားပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကိုလည်း ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ စက်မှုဇုန်များကို အထောက်အကူပြုစေရန်အဓိကကျသည့် လျှပ်စစ်စွမ်းအားလိုအပ်ချက်များကိုလည်း အပြည့်အဝ ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

တက်ကြွစွာဆောင်ရွက်

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြားတွင် ပေါင်းကူးသဖွယ် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ ယခု အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး လာမည့်နှစ်များတွင်လည်း အောင်မြင်မှုများ ပိုမိုရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် နံနက် ၁၁ နာရီတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် အစီရင်ခံစာနှင့် နှစ်ချုပ် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

အမှုဆောင်အဖွဲ့

ထို့နောက် အသင်းချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ နုတ်ထွက်ကြောင်း ကြေညာပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက အသင်းချုပ်၏ ၂၀၀၇-၂၀၀၈ ခုနှစ်နှင့် ၂၀၀၈-၂၀၀၉ ခုနှစ်တို့အတွက် ရွေးချယ်ထားသော အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့ပါဝင်သော ဗဟိုအလုပ်အမှုဆောင်များ၏ အမည်စာရင်းနှင့် အလုပ်အမှုဆောင်များ၏ အမည်စာရင်းတို့ကို ကြေညာသည်။

ယင်းနောက် သဘာပတိ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

❒ ကျောဖုံးမှ

ယင်းနောက် မြိတ်တက္ကသိုလ်ပင်မဆောင်အတွင်းနှင့် စာသင်ဆောင်များရှိ Language Lab ၌ အသုံးပြုမည့် ပစ္စည်းများနှင့် စာသင်ခုံများထားရှိမှု၊ Conference Room, I.T Centre Room နှင့် စာသင်ခန်းများပြင်ဆင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယပါမောက္ခချုပ် ဦးသန်းဆွေ၊ ယုဇနဆောက်လုပ်ရေးမှ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပင်မလေးထပ်ဆောင်ရှိ ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိကြပြီး ခန်းမအတွင်း ပြင်ဆင်ပြီးစီးမှုအခြေအနေ၊ မီးစက်ခန်း၊ ဆရာ၊ ဆရာမများနားနေခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စီစဉ်ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ဒုတိယထပ်ရှိ စာသင်ခန်းများ၊ မြေညီထပ်ရှိ အဏ္ဏဝါသိပ္ပံပြတိုက်နှင့် ပြခန်းထားရှိမည့်နေရာ ပြင်ဆင်ထားမှု၊ သက်သာအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမည့် ဆိုင်ခန်းနေရာများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အဏ္ဏဝါသိပ္ပံပြတိုက်၌ ရှားပါးထူးဆန်း တွေ့မြင်ရနိုင်ခဲ့သည့် ရေသတ္တဝါများ၏ သက်ရှိ၊ သက်မဲ့နှင့် အခွံများထားရှိပြသနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ပင်မဆောင် ဒုတိယထပ်ရှိ စာကြည့်တိုက်ထားရှိမည့် ခန်းမဆောင်၌ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယပါမောက္ခချုပ်က မြိတ်တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ ဖွဲ့စည်းပုံ၊ ကျောင်းသားဦးရေ၊ ဖွင့်လှစ်နေသော သင်တန်းများနှင့် မကြာမီ ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည့် အစီအစဉ်များကိုလည်းကောင်း၊ ယုဇနဆောက်လုပ်ရေးကုမ္ပဏီမှ ဦးဌေးမြင့်က တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တည်ဆောက်

အဆိုပါ မြိတ်တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူ ၃၃၈၂ ဦးတို့သည် အထူးပြု ဘာသာရပ် ၁၃ ခု၌ ပညာသင်ကြားလျက်ရှိကြပြီး ပင်မအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ၉၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အဆိုပါပင်မ လေးထပ်ဆောင်နှင့် သုံးထပ်စာသင်ဆောင်သည် အလျား ၃၈၅ ပေ၊ အနံ ၂၈၁ ပေ ရှိပြီး စာသင်ဆောင်များအပြင် ဦးရေ ၁၂၀၀ ဆံ့ ဘွဲ့နှင်းသဘင်ခန်းမပါရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့် အတူ မြိတ်မြို့အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဆေးရုံကြီးရှိ ခွဲစိတ်ခန်းတွင်း တပ်ဆင်ထားသော ခေတ်မီကွန်ပျူတာစနစ်ဖြင့် မေ့ဆေးပေးကိရိယာများ၊ ခွဲစိတ်ကိရိယာများ တပ်ဆင်ပြီးစီး၍ အသုံးပြုနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မွမ်းမံပြင်ဆင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့် အတူ ယခင်မြိတ်အထွေထွေရောဂါကုဆေးရုံ အဟောင်း ယခု မိခင်နှင့်ကလေး ဆေးကုသဆောင်သို့ ရောက်ရှိကြပြီး ဆေးသိုလှောင်ခန်း၊ လူနာဆောင်များနှင့် Rainbow Bridge Foundation မှ ဆေးရုံကြီးအထွေထွေ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မွေးကင်းစကလေး အထူးကြပ်မတ်ဆောင်၌ ဆေးဝါးကုသသည့် ခေတ်မီပစ္စည်းကိရိယာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မွန်းလွဲပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမသို့ရောက်ရှိကြပြီး တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများအားတွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

ဆောင်ရွက်

နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း အချင်းချင်းစည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်မှသည် မျိုးချစ်စိတ်ဓာတ်များ တိုးတက်ဖြစ်ထွန်းပြီးမိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှု အားကောင်းပါက ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပြည်နယ်နှင့် တိုင်းအားလုံးနှင့် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောက်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများကလည်း ယင်းလုပ်ငန်းများ အနှစ်သာရရှိရှိ အကျိုးရှိစေရန် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုက်တွန်းမှာကြား

မိမိတို့ဒေသ လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာရန် ဌာနဆိုင်ရာ ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ မြိတ်မြို့ ဆိပ်ငယ်ဖောတံတားမှ ရေယာဉ်ဖြင့် မြိတ်မြို့ဆိပ်ကမ်းရှိ ဆိပ်ခံဖောတံတားများ မြို့သစ်သို့ပြောင်းရွှေ့နေမှုအခြေအနေ၊ မြစ်ကြောင်းအတွင်း ရေယာဉ်များသွားလာမှု၊ ရေယာဉ်များ ဆိပ်ခံဖောတံတားများတွင် ဆိုက်ကပ်ရပ်နားမှု အခြေအနေ၊ ကမ်းခြေတစ်လျှောက် သဲသောင်ဖြစ်ထွန်းနေမှုအခြေအနေတို့ကိုဆိပ်ကမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့် အတူ မြိတ်မြို့ ဘုရားလမ်းရှိ စံကျောင်းတိုက်သို့ သွားရောက်၍ စံကျောင်းတိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသအားဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဖူးမြော်ကြည်ညို

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့် အတူ လေးကျွန်း ဆီမီးစေတီတော်ကြီးသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းတွင်လက်မှတ်ရေးထိုးကာ စေတီတော်အား လက်ယာရစ်တစ်ပတ် ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ စန္ဒဝတ်တောင်တော်ရှိ မဟာသိဒ္ဓိဇယ စေတီတော်သို့ ရောက်ရှိကြပြီး ဂန္ဓကုဋိတိုက်တွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကာ စေတီတော်အား လက်ယာရစ်တစ်ပတ် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ကိုကိုးကျွန်းသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းတွေ့ဆုံ၊ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတား ခရီးသည်ခန်းမဆောင်၌ ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကိုကိုးကျွန်းမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသည်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထောက်ပံ့

ထို့နောက် တိုင်းမှူးက ကိုကိုးကျွန်းသို့ လိုက်ပါမည့် သံဃာတော်တစ်ပါးနှင့် ဝန်ထမ်း၃၃ဦးတို့အတွက် ဝတ္ထုငွေနှင့် ထောက်ပံ့ငွေကျပ် ၆၈၀၀၀၊ ခရီးသည် ၁၀၀ တို့အတွက် ငွေကျပ်တစ်သိန်းနှင့် ကိုကိုးကျွန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၁၈၃ ဦးတို့အတွက် လစဉ်ထောက်ပံ့ငွေကျပ်၂၇၄၅၀၀ စုစုပေါင်းငွေကျပ် ၄၄၂၅၀၀ တို့ကို တာဝန်ရှိသူများထံ လှူဒါန်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပို့ဆောင်ပေး

အဆိုပါသင်္ဘောဖြင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သစ်စေ့နှင့် မျိုးစေ့မျိုးစုံထုပ် ၅၀ နှင့် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့သုံးတင်း၊ မြို့နယ်နေပြည်သူများ ရေရရှိရေးလုပ်ငန်း၌ အသုံးပြုရန်အတွက် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့က ထောက်ပံ့သည့် ဒီဇယ်ဆီ ကိုးပီပါနှင့် မြို့နယ်နေပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိစေရေးအတွက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ထောက်ပံ့သည့် မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက်မှ ထုတ်လုပ်သော အုန်းလက်လောင်စာသုံး ကေဗွီအေ ၁၅၀ ဓာတ်ငွေ့ထုတ်စက်တစ်စုံတို့ကို ပို့ဆောင်ပေးလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) သားဖွားမီးယပ်ပညာရှင်များ ဆေးပညာနှီးနှောဖလှယ်

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) သားဖွားနှင့် မီးယပ်ပညာရှင်များအဖွဲ့နှင့် Mo Asia Company Ltd-Dumex တို့ ပူးပေါင်းကျင်းပသော ဆေးပညာနှီးနှောဖလှယ်ပွဲ (Dumex Medical Seminar) ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Mo Asia Company Ltd-Dumex မှ မန်နေဂျင်း ဒါရိုက်တာဦးပီတာမိုးကျော်က အဖွင့်အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် Mo Asia Company Ltd-Dumex မန်နေဂျင်း ဒါရိုက်တာ ဦးပီတာမိုးကျော်က မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် သားဖွားမီးယပ်ပညာရှင်အဖွဲ့များသို့ ငွေကျပ်နှစ်သိန်းစီကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအက်စ်ကျော်လှနှင့် သားဖွားမီးယပ်ဆေးပညာရှင်အဖွဲ့နာယက ပါမောက္ခ ဒေါက်တာဒေါ်မြမြတို့က လက်ခံရယူကြပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

ဆွေးနွေး

ထို့နောက် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့သော Assisting Subfertile Couple အကြောင်းကို မြောက်ဥက္ကလာပဆေးရုံကြီးမှ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ကြည်ကြည်ညွန့်က ဆွေးနွေးတင်ပြကြပြီး စင်ကာပူနိုင်ငံ Thomson Medical Center မှ Executive Deputy Chairman & Director ဖြစ်သူ Dr. Cheng Li Chang က In Vitro Fertilization Simplification နှင့် New Protocols for Ovarian Stimulation in In Vitro Fertilization အကြောင်းကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည့် အချက်အလက်များကို မေးမြန်းကြရာ ဆရာဝန်ကြီး များက ပြန်လည်ဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။**(သတင်းစဉ်)**



Mo Asia Company Ltd-Dumex မှ မန်နေဂျင်း ဒါရိုက်တာ ဦးပီတာမိုးကျော် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) သားဖွားနှင့် မီးယပ်ပညာရှင်များအဖွဲ့နှင့် Mo Asia Company Ltd-Dumex တို့ ပူးပေါင်းကျင်းပသော ဆေးပညာနှီးနှောဖလှယ်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အင်တာနက် - ကျန်းမာရေး

တစ်နေ့ စီးကရက်တစ်လိပ်ပင် မသောက်သင့်



စီးကရက်သောက်သူများတွင် ၁၀ ဦးလျှင် တစ်ဦးမှာ မြင်တွေ့နေကျ နီးစပ်သော အလေ့အထတစ်ခုကို အတုခိုးပြီး ဆက်လက်ပြုလုပ်သည့် စိတ်မျိုးဖြင့် စီးကရက်သောက်ကြခြင်း ဖြစ်ကြောင်း လန်ဒန်သုတေသနပညာရှင်များက ပြောကြားသည်။

စီးကရက်နှင့်ဆေးလိပ်သောက်ခြင်းကြောင့် ရောဂါအမျိုးမျိုးရရှိလာသော လူနာပေါင်း ၄၀၀၀ ခန့်ကို သုတေသနပြုလေ့လာခဲ့ရာ ၅၂ ရာခိုင်နှုန်းခန့်မှာ ၎င်းတို့၏ လူကြီးမိဘများထံမှ အမြဲမြင်တွေ့နေရသော ဆေးလိပ်သောက်ခြင်းအလေ့အထကြောင့် ဆေးလိပ်သောက်လိုသည့်စိတ် ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

စီးကရက်သည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်ပြီး တစ်နေ့လျှင် စီးကရက်တစ်လိပ် သို့မဟုတ် နှစ်လိပ်သောက်သုံးလျှင်ပင် ရေရှည်ကျန်းမာရေး ထိခိုက်လာမည်ဖြစ်သည်။

ထို့အပြင် သွေးထဲ၌ ကာဗွန်မိုနောက်ဆိုဒ်ဓာတ်များ မြင့်မားစွာဖြစ်ပေါ်လာပြီး ခန္ဓာကိုယ်အတွင်း သွေးလေလှည့်ပတ်မှုကို ထိခိုက်စေမည်ဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။ ထို့ကြောင့် တစ်နေ့လျှင် စီးကရက်တစ်လိပ်ပင် မသောက်သင့်ကြောင်း လန်ဒန်သုတေသနပညာရှင်များက သတိပေးထားသည်။ (အင်တာနက်)

ဆိုရေးရှိလာ ဆိုအပ်စွာ

ယနေ့ကာလတွင် မြန်မာနိုင်ငံသည် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သောအေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ဦးဆောင်မှုကိုခံယူ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လူမျိုးမရွေး၊ ဘာသာမရွေး တစ်သွေးတည်း တစ်သားတည်းဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြသည်။ ထို့ကြောင့်ပင် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် အခြေခံကောင်း၊ အလားအလာကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံရေးနယ်ပယ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်များစွာတို့သည် ငြိမ်းချမ်းရေး ရယူတည်ဆောက်ခဲ့ကြပြီးဖြစ်သကဲ့သို့ စီးပွားရေးနယ်ပယ်တွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်းရှိ တိုင်းရင်းသားများ၏ ရင်းနှီးမြှုပ်နှံမှုများသည်လည်း အလားအလာကောင်းများရရှိလျက်ရှိသည်။ ထို့အတူပင် လူမှုရေးနယ်ပယ်တွင်လည်း ပညာရေး၊ ကျန်းမာရေး ကဏ္ဍများအပါအဝင် ယဉ်ကျေးမှု၊ အနုပညာစာပေနှင့် ခေလေ့စရိုက်၊ ကိုးကွယ်မှုဘာသာရေး ကဏ္ဍများသည်လည်း တိုးတက်မြင့်မားပွင့်လန်းလျက်ရှိနေသည်။

ယင်းအခြေအနေ အရပ်ရပ်များ၏ အကျိုးဆက်ရလဒ်အဖြစ် **အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ်၏အခြေခံဖြစ်သော ပထမအဆင့်အဖြစ် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏အသက်ဝိညာဉ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေး ချမှတ်လျက်ရှိရာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ အကောင်အထည်ဖော်ရန် လက်တစ်ကမ်းမျှသော ခရီးလမ်းအထိ ပေါက်မြောက်အောင်မြင်လာခဲ့ပြီး ဖြစ်သည်။**

ယင်းသို့ နိုင်ငံတော်နှင့် ပြည်သူတို့၏ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာတော့မည်ကို မလိုလား မရှုဆိတ်နိုင်သော နယ်ချဲ့အုပ်စုနှင့် ယင်းတို့၏ လက်ပါးစေ ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်များတွင် တစ်လျှောက်လုံး ဖိအားပေးနှောင့်ယှက် စွက်ဖက်ဟန့်တားပိတ်ဆို့လျက်ရှိသည်။ မြန်မာနိုင်ငံအစိုးရနှင့် မြန်မာတိုင်းရင်းသားပြည်သူများအကြား အထင်လွဲမှား သံသယပွားစေနိုင်သော လုပ်ကြံသတင်းများ၊ စွပ်စွဲပုတ်ခတ်မှုများနှင့် ကောလာဟလများကို ရည်ရွယ်ချက်ရှိရှိ စနစ်တကျ ဖန်တီးချဲ့ကားပုံဖော်ပြီး လှုံ့ဆော်သွေးထိုးလျက်ရှိသည်။

မြန်မာနိုင်ငံအား မူးယစ်ဆေးဝါးထုတ်လုပ်သော နိုင်ငံဟူ၍လည်းကောင်း၊ AIDS နှင့် တီဘီစသော ကူးစက်ရောဂါများ ပြန့်ပွားနေသော နိုင်ငံဟူ၍လည်းကောင်း၊ လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားအုပ်ချုပ်ဖိနှိပ်နေသော နိုင်ငံဟူ၍လည်းကောင်း အထောက်အထားမဲ့၊ အခြေအမြစ်မဲ့၊ ယုတ္တိမဲ့သတင်းများ၊ ကြေညာချက်များဖြင့် သိက္ခာမဲ့စွာလုပ်ကြံပုတ်ခတ် စွပ်စွဲလျက်ရှိသည်။ ဤတွင် မြန်မာမှုဆိုထုံးစကားနှင့်အညီ ဆိုရေးရှိလာသဖြင့် ဆိုအပ်စွာသော စကားတို့ကို ဆိုရပါတော့မည်။

ယင်းပုတ်ခတ်စွပ်စွဲမှုများအနက် လူမျိုးရေး၊ ဘာသာရေးအရ ခွဲခြားအုပ်ချုပ်ဖိနှိပ်နေသည်ဟူသော ပုတ်ခတ်စွပ်စွဲချက်နှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြမည် ဖြစ်ပါသည်။ **မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် စုပေါင်းနေထိုင်သော ပြည်ထောင်စု နိုင်ငံတော်ကြီးတွင် တိုင်းရင်းသားလူမျိုးစုများအားလုံးသည် ဘိုးဘွားစဉ်ဆက် ဥမကွဲ သိုက်မပျက် နေထိုင်လာခဲ့သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြ၍ မရှိအတူရှိအတူ အေးအတူပူအမျှ အတူတကွ ခံစားနေထိုင်သွားကြမည်ဟူသော ပြည်ထောင်စုစိတ်ဓာတ်ကို အလေးအမြတ်ထားလျက် နိုင်ငံတော်ကို ဦးဆောင်စီမံခန့်ခွဲလျက် ရှိသည်။နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ခဲ့ရာ ယနေ့ကာလတွင် အရှိန်အဟုန် မြင့်မားစွာ ဖြစ်ထွန်းလာခဲ့သည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း၊ တိုင်းရင်းသားများ၏ တိုးတက်ခေတ်မီ မြင့်မားလာသော လူမှုစီးပွားဘဝများကိုလည်းကောင်း လက်တွေ့ပကတိ အရှိတရားများအဖြစ် မျက်ဝါးထင်ထင် မြင်နေတွေ့နေရသကဲ့သို့ ကိုယ်စီကိုယ်င ခံစားနေကြရပြီလည်း ဖြစ်သည်။**

အလားတူပင် ကိုးကွယ်မှု ဘာသာတရားအရလည်း ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဟူသော ဘာသာရေးနယ်ပယ်များအလိုက် လွတ်လပ်ပွင့်လင်းစွာ ကိုးကွယ်ခွင့်ရရှိနေပြီးဖြစ်သည်။ နိုင်ငံအနှံ့ရှိနေသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံများကိုလည်းကောင်း၊ အစ္စလာမ်ဘာသာအရ ကိုးကွယ်ဝတ်ပြုမှုအတွက် ဗလီဝတ်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ စာသင်ကျောင်းများကိုလည်းကောင်း၊ ခရစ်ယာန်ဘာသာကိုးကွယ်မှုဆိုင်ရာ ဘုရားရှိခိုးကျောင်းများ၊ အသင်းတော်များကိုလည်းကောင်း၊ ဟိန္ဒူဘာသာကိုးကွယ်မှုဆိုင်ရာ ဘုရားကျောင်းများကိုလည်းကောင်း ပြည်နယ်နှင့်တိုင်း အသီးသီးတွင် နယ်စပ်ဒေသများအထိ လွတ်လပ်စွာ တည်ဆောက်ဖွင့်လှစ်ပြီး ကိုးကွယ်ခွင့်၊ ဝတ်ပြုခွင့် ရရှိပြီး ဖြစ်ပါသည်။

ကျော်စိုး
(မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်)

စင်စစ် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံဖြစ်သည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာကပင် မြန်မာတိုင်းရင်းသား လူမျိုးပေါင်းစုံတို့သည် မိမိယုံကြည်ရာ ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရရှိပြီးဖြစ်သည်။ မြန်မာတိုင်းရင်းသား ပြည်သူများသည် မိမိတို့၏ယုံကြည်ကိုးကွယ်ရာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသကဲ့သို့ တစ်ဦး၏ယုံကြည်ကိုးကွယ်မှုကို တစ်ဦးက လေးစားနားလည်စွာ အသိအမှတ်ပြုပြီး ထိပါးစော်ကားခြင်းမရှိကြဘဲ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ နားလည်မှုရှိကြသည်။ တစ်နည်းအားဖြင့် လွတ်လပ်စွာ ယုံကြည်ခွင့်၊ ကိုးကွယ်ခွင့်သည် လူ့ဘောင် လူ့အဖွဲ့အစည်း၏ အခြေခံအကျဆုံးသော လူ့အခွင့်အရေးတစ်ရပ် ဖြစ်သည်။ မြန်မာတိုင်းရင်းသား ပြည်သူများသည် ယင်းအခြေခံလူ့အခွင့်အရေးကို ခေတ်အဆက်ဆက်မှသည် ယနေ့ထက်တိုင် ရရှိပြီးဖြစ်သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ ပကတိအရှိတရားဖြစ်သော ဘာသာရေးလွတ်လပ်ခွင့်ကို မျက်ကွယ်ပြု လျစ်လျူရှုပြီး ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ် ခုတုံးလုပ်အသုံးချနေကြသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအင်အားကြီးနိုင်ငံအချို့က မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်မရှိဘဲ ဖိနှိပ်ချုပ်ချယ်ဟန့်တားနှောင့်ယှက်မှုများရှိသည်ဟူ၍လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များသည် ဘာသာရေးလွတ်လပ်ခွင့်နှင့် အခြားလူ့အခွင့်အရေး အလွဲသုံးစားပြုမှုကို ရင်ဆိုင်ကြုံတွေ့နေရသည်ဟူ၍လည်းကောင်း ကျိုးကြောင်းဆီလျော်မှုမရှိသော ပုတ်ခတ်စွပ်စွဲမှုများဖြင့် ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

ထို့အတူပင် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W) ကလည်း မြန်မာနိုင်ငံရှိ ခရစ်ယာန်များနှိပ်ကွပ်ခံရသည်ဟူသော အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ဟုဆိုသော မှတ်တမ်းတစ်ခုတွင် မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဖျက်ဆီးရေးအစီအစဉ်ဟု ခေါင်းစဉ်တပ်ထားသည်ဟူ၍လည်းကောင်း၊ ခရစ်ယာန်ဘာသာကိုးကွယ်သောအိမ်မရှိစေရဟူ၍ ရေးသားထားသည်ဟုလည်းကောင်း မဟုတ်မမှန်စွပ်စွဲထားပါသည်။ ယင်းအပြင် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W) က မြန်မာနိုင်ငံ၌ ဘာသာရေး လွတ်လပ်ခွင့်ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခံရခြင်းအတွက် UN Special Rap-protect for Freedom of Religion and Belief က စုံစမ်းစစ်ဆေးရန်ကို တိုက်တွန်းသည်ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်မှု ဖောက်ဖျက်ခံရခြင်း၊ လူ့အခွင့်အရေးများကို ဖောက်ဖျက်နေခြင်းတို့ကို အရေးယူဆောင်ရွက်သွားရန်ဟူ၍ လည်းကောင်း ဖော်ပြခဲ့ပြီး နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန်၊ နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့အားလုံး အဟန့်အတားမရှိ သွားလာခွင့်ပြုရန်နှင့် NLD၊ တိုင်းရင်းသားများနှင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများပြုလုပ်ရန်ဟူ၍ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အထိ တောင်းဆိုထားပြီး တောင်းဆိုချက်များအပေါ် မဖြစ်မနေလိုက်နာရမည့် ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် လုံခြုံရေးကောင်စီကို တိုက်တွန်းသည်ဟု ဖော်ပြကြေညာခဲ့သည်။

ယင်းအစီရင်ခံစာကြေညာချက်တွင် ဖော်ပြစွပ်စွဲထားချက်များမှာ လုံးဝမှန်ကန်မှု မရှိပေ။ လုံးဝ ရိုးသားမှုမရှိဘဲ မြန်မာနိုင်ငံအစိုးရကို ဘာသာရေးအကြောင်းပြချက်ဖြင့် လုပ်ကြံစွပ်စွဲပုတ်ခတ်ထားကြောင်း သိသာထင်ရှားလျက်ရှိသည်။ C.S.W ၏ စွပ်စွဲချက်ပါ "သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ဟုဆိုသော" အကြောင်းရင်းခံစာပိုဒ်အရပင် သေချာမှု၊ အတည်ပြုမှုမရှိဘဲ "ဆိုရသော"ဟု မရေမရာ မခိုင်မာသည့် အကြောင်းပြချက်ဖြစ်နေခြင်း၊ တစ်နည်းအားဖြင့် သူတစ်ပါးအပြောကို ကိုယ်တိုင်ထိတွေ့ရခြင်း၊ မြင်ရခြင်းမရှိဘဲ စွပ်စွဲပြောဆိုခြင်းသာဖြစ်သည်။ မလိုတမာ လုပ်ကြံပုတ်ခတ်ပြီး အတင်းအဖျင်းပြောသည့်အဓိပ္ပာယ် ဆောင်နေပါသည်။

သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်ဟုဆိုသော မှတ်တမ်းတွင် မြန်မာနိုင်ငံရှိ ခရစ်ယာန်ဘာသာဖျက်ဆီးရေးအစီအစဉ် ခေါင်းစဉ်တပ်ထားပြီး **"ခရစ်ယာန်ကိုးကွယ်သောအိမ် မရှိစေရ"**ဟူ၍ ဖော်ပြထားသည်ဟု စွပ်စွဲထားသည်ကို တွေ့ရှိရပါသည်။ ၎င်းစွပ်စွဲချက်မှာ ပကတိအရှိတရားနှင့် လုံးလုံးလျားလျား ဆန့်ကျင်ကွဲလွဲလျက် ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ခရစ်ယာန်ဘာသာရေးဆိုင်ရာ ဘုရားရှိခိုးကျောင်းများသည် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ မြို့ရွာများတွင် တည်ရှိနေသည့်အပြင် ခရစ်တော်၏မွေးနေ့အခမ်းအနားများ၊ ခရစ္စမတ်ပွဲတော်များကို လွတ်လပ်စွာ ကျင်းပလျက်ရှိနေကြသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။ ခရစ္စမတ်ပွဲတော်နေ့ အခမ်းအနားများတွင် သာသနာရေးဝန်ကြီးအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်လျက်ရှိသည်မှာ မြန်မာတိုင်းရင်းသား ခရစ်ယာန်ဘာသာဝင်များကိုယ်တိုင် မျက်ဝါးထင်ထင် ခံစားသိမြင်နေသည့် အမှန်တရား၊ အရှိတရားပင် ဖြစ်ပါသည်။

စင်စစ် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (C.S.W) ၏ အစီရင်ခံစာ ကြေညာချက်သည် ဘာသာရေးကို အကြောင်းပြခုတုံးလုပ်ပြီး မဟုတ်မမှန် ဖန်တီးလုပ်ကြံစွပ်စွဲမှုများဖြင့် နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချခြင်းသာဖြစ်သည်။ ယင်းအစီရင်ခံစာ ကြေညာချက်တွင် ဘာသာရေးနှင့် မည်သို့မျှ နီးနွယ်ဆက်စပ်မှုမရှိသော အမေရိကန်အစိုးရက လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအားအရေးယူရန် တင်သွင်းသော အဆိုမူကြမ်းပါ အကြောင်းပြချက်များနှင့် မြန်မာနိုင်ငံအစိုးရကို ဆန့်ကျင်နေကြသည့် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ တောင်းဆိုချက်များကိုပါ ထည့်သွင်းဖော်ပြတောင်းဆိုထားခြင်းကိုကြည့်လျှင် ဘာသာရေးကို နိုင်ငံရေးအရ အမြတ်ထုတ်ရန် လုပ်ကြံထားခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

ဤတွင် ပြည်ထောင်စုမြန်မာနိုင်ငံဖွား မြန်မာတိုင်းရင်းသားအစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်သော စာရေးသူအနေဖြင့် ဘာသာရေးအရလည်းကောင်း၊ လူ့အခွင့်အရေးအရလည်းကောင်း၊ လူမှုရေးအရလည်းကောင်း မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရရှိပြီး မည်သည့် လူ့အခွင့်အရေးမျှ ချိုးဖောက်ခံရခြင်း၊ ဆုံးရှုံးခြင်းမရှိသည်ကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။

မြန်မာတိုင်းရင်းသား အစ္စလာမ်ဘာသာဝင်များသည် ရှေးမြန်မာမင်းများ လက်ထက်မှစ၍ မျက်မှောက်ခေတ်တိုင်အောင် တန်းတူညီမျှခံစားခွင့် အခွင့်အရေးများကိုရရှိပြီး၊ ရရှိနေသူများဖြစ်ကြပါသည်။ မင်းမှုထမ်းများ၊ အရာရှိ အရာခံဝန်ထမ်းများ ခန့်ထားရာတွင်လည်း အရည်အချင်းအလျောက် ထိုက်တန်သော ရာထူးဌာနန္တရများ၊ တာဝန်များကို ချီးမြှင့်ပေးအပ် ခံစားခွင့်များ ရရှိခဲ့ကြပါသည်။ ရတနာပုံခေတ်တွင် မင်းတုန်းမင်းတရားကြီးသည် ဆော်ဒီအာရေဗျနိုင်ငံသို့ မြန်မာတိုင်းရင်းသားအစ္စလာမ် ဘာသာဝင်များဖြစ်သော ဟဂျ်ဘုရားဖူးများ သွားရောက်သည့်အခါ တည်းခိုနိုင်ရန် ထိုနိုင်ငံတွင် ဒေါင်းဇရပ်ကြီးတစ်ခုကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် မြန်မာတိုင်းရင်းသား အစ္စလာမ်ဘာသာဝင်များအား ဆော်ဒီအာရေဗျနိုင်ငံသို့ နှစ်စဉ် မြန်မာဟာဂျီလောင်း ဘုရားဖူးများအဖြစ် စေလွှတ်ပေးခဲ့သည်မှာ ယနေ့အထိပင်ဖြစ်သည်။ **မြန်မာနိုင်ငံအစိုးရသည် အစ္စလာမ်ဘာသာရေး အဖွဲ့အစည်းငါးဖွဲ့ကို တရားဝင်အသိအမှတ်ပြုထားပြီး အစ္စလာမ်ဘာသာရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို သာသနာရေးဝန်ကြီးဌာနက အခါမလပ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ယင်းဘာသာရေးအဖွဲ့အစည်းများက ဘာသာရေးဆိုင်ရာ အကူအညီတောင်းခံပါကလည်း သာသနာရေးဝန်ကြီးဌာနက အကူအညီများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းအပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘက္ကရီးအစ် အီဒွလ် အသွဟာနေ့များတွင် ဘာသာရေးအရ ပြုလုပ်ရသော အလှူဒါန ကုသိုလ်ရေးကိစ္စ**

စာမျက်နှာ ၁၁ ကော်လံ ၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် စုပေါင်းနေထိုင်သော ပြည်ထောင်စု နိုင်ငံတော်ကြီးတွင် တိုင်းရင်းသား လူမျိုးစုများအားလုံးသည် ဘိုးဘွားစဉ်ဆက် ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့သည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြ၍ မရှိအတူရှိအတူ အေးအတူပူအမျှ အတူတကွ ခံစားနေထိုင်သွားကြမည်ဟူသော ပြည်ထောင်စုစိတ်ဓာတ်ကို အလေးအမြတ်ထားလျက် နိုင်ငံတော်ကို ဦးဆောင်စီမံခန့်ခွဲလျက်ရှိသည်။ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ခဲ့ရာ ယနေ့ကာလတွင် အရှိန်အဟုန် မြင့်မားစွာ ဖြစ်ထွန်းလာခဲ့သည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း၊ တိုင်းရင်းသားများ၏ တိုးတက်ခေတ်မီ မြင့်မားလာသော လူမှုစီးပွားဘဝများကိုလည်းကောင်း လက်တွေ့ပကတိအရှိတရားများအဖြစ် မျက်ဝါးထင်ထင် မြင်တွေ့နေရသကဲ့သို့ ကိုယ်စီကိုယ်င ခံစားနေကြရပြီလည်းဖြစ်သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို Rimbunan Petrogas Limited ၏ Executive Chairman Tan Sri Datuk Tiong Hiew King ထံ ပေးအပ်စဉ်။ (စွမ်းအင်)

ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဗြိတိသျှဗားဂျင်းကျွန်း၌ ဖွဲ့စည်းတည်ထောင်ထားသော Rimbunan Petrogas Limited နှင့် စင်ကာပူနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ထားသော UNOG Pte. Ltd. တို့သည် မုတ္တမကမ်းလွန်ဒေသလုပ်ကွက် M-1 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို မတ် ၉ ရက်က နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အမှတ်(၂)စက်မှုဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Shaharuddin Bin Mohd Som, Rimbunan, Petrogas Limited ၏ Executive Chairman, Tan Sri Datuk Tiong Hiew King၊ UNOG Pte. Ltd. ၏ Managing Director ဦးဝင်းကြိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက အဖွင့်အမှာ စကားပြောကြားပြီး Rimbunan Petrogas Limited ၏ Chief Executive Officer Mr. Andrew Ngu Hew Tak နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည် Rimbunan Petrogas Limited ၏ Executive Chairman Tan Sri Datuk Tiong Hiew King UNOG Pte. Ltd. ၏ Managing Director ဦးဝင်းကြိုင်နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့် Rimbunan Petrogas Limited ၏ Executive Director Mr. Tiong Hock Chai/ Unog . Pte. Ltd. ၏ Deputy Managing Director ဦးသန်းဝင်းဆွေတို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကို ပေးအပ်ရာ Rimbunan Petrogas Limited ၏ Executive Chairman Tan Sri Datuk Tiong Hiew King ကလည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုပေးအပ်ရာ Rimbunan Petrogas Limited ၏ Executive Chairman Tan Sri Datuk Tiong Hiew King ကလည်းကောင်း လက်ခံကြသည်။

အကျိုးတူ

ယင်းလက်မှတ်ရေးထိုးချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်သည် မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် (M-1)အတွင်းရေနံနှင့် သဘာဝ ဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဒ္ဒန္တသေဋ္ဌိလအား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့ ပစ္ဆိမာရုံဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တသေဋ္ဌိလ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဒီဃဘာဏက) အား အဂ္ဂမဟာပဏ္ဍိတ ဂုဏဝိသိဋ္ဌပူဇာ ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၄ ရက်နှင့် ၅ ရက်တွင် ယင်းကျောင်းတိုက်ရှိ ယဉ်လင်းမြင့်အောင် ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဦးကံညွန့် ကုန်သည်လမ်း ဇီးကုန်းမြို့ ဖုန်း-၀၅၃-၃၄၀၅၄၊ ဦးခင်လှိုင် မြို့ပတ်လမ်း ဇီးကုန်းမြို့၊ ဦးလှဌေး-ဒေါ်ရင်ရင်ကြူ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၄၀၆၉၄၊ ၀၉-၅၁ ၃၂၇၁၄၊ ပူဇော်ပွဲကျင်းပရေးကော်မတီရုံး ဖုန်း-၀၅၃-၃၄၀၉၄ နှင့် ဦးမြင့်အောင် ပန်းဖြူစတိုး ကုန်သည်လမ်း ဇီးကုန်းမြို့ ဖုန်း-၀၅၃-၃၄၀၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လှိုင်မဟာစည် သကြၤန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၀

လှိုင်မြို့နယ် ၁၁ ရပ်ကွက် ယောဂီကျောင်းလမ်း လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၈)ကြိမ်မြောက် မဟာသင်္ကြန်မိဂဒါဝုန် ဝိပဿနာတရားစခန်းပွဲကို ဧပြီ ၁၂ ရက် ညနေမှ ၂၉ရက်အထိ ကျင်းပမည်ဖြစ်သည်။ လှိုင်မဟာစည် ဆရာတော် ဘဒ္ဒန္တစန္ဒဝရက ဝိပဿနာတရား ဟောကြားပြသမည်ဖြစ်ရာ အသေးစိတ်သိလိုသူများ၊ တရားစခန်းဝင်လိုသူများ၊ ဆွမ်းစသည် လှူဒါန်းလိုသူများသည် လှိုင်မဟာစည် ရုံးခန်း ဖုန်း-၅၂၆၁၈၂၊ ၅၁၉၇၅၀ တို့သို့ ဆက်သွယ်မေးမြန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

များအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက ဘာသာရေးအဖွဲ့အစည်းများမှ ခေါင်းဆောင် ကိုယ်စားလှယ်များနှင့် တွေ့ဆုံညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ပေးမြဲဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘာသာရေး အခမ်းအနားများနှင့် အခါကြီးရက်ကြီး ပွဲတော်များကျင်းပလျှင်လည်း သာသနာရေးဝန်ကြီးဌာနဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေးလျက်ရှိနေပါသည်။

လူမျိုးရေး၊ ဘာသာရေးပဋိပက္ခဖြစ်စေရန် ဆူပူအုံကြွလိုသူ အဖျက်အမှောင့်သမားများ၏ သွေးခွဲသပ်လျှိုသည့် နိုင်ငံရေးလုပ်ကြံမှုကြောင့်သာ တစ်ခါတစ်ရံ မလိုလားအပ်သော ပြဿနာများ မြန်မာနိုင်ငံဒေသအချို့တွင် ပေါ်ပေါက်ခဲ့ပါသည်။ သို့သော်လည်း သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်း ခေါင်းဆောင်များက ပူးပေါင်းညှိနှိုင်းပြီး အချိန်မီတားဆီးဖြေရှင်းနိုင်ခဲ့သည်သာ ဖြစ်ပါသည်။ ဘာသာရေးကို နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချသည့် ဓမ္မန္တရာယ် နိုင်ငံရေးသမားများ၏ ပယောဂကြောင့် တည်ငြိမ်အေးချမ်းမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် စုစည်းညီညွတ်မှုများ မပျက်ပြားရအောင် ဝိုင်းဝန်းပူးပေါင်း ကာကွယ်စောင့်ရှောက်လျက် ရှိနေကြပါသည်။

ရှင်းစွာဆိုရလျှင် မြန်မာနိုင်ငံတွင် တိုင်းရင်းသားများ၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အပြည့်အဝရရှိခံစားရလျက်ရှိပါသည်။ ကိုဆိုဗိုအရေးအခင်း၊ ယူဂိုဆလားဗီးယားအရေးအခင်းနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအချို့၏ ပြည်တွင်းရေးတွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံနှင့် အပေါင်းပါတို့က ဒီမိုကရေစီအကြောင်းပြချက်ဖြင့် ဝင်ရောက်စွက်ဖက် ကျူးကျော်တိုက်ခိုက်ခဲ့ရာမှ မလိုလားအပ်သော ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲ အခြေအနေများကြောင့် ဒေသနေပြည်သူတို့၏ အသက်စည်းစိမ်ဥစ္စာများ မည်မျှအတိုင်းအတာအထိ ဆုံးရှုံးနေကြရသည်ကို နိုင်ငံတကာသတင်းများအရ လေ့လာသိရှိနေရပါသည်။ ထို့ကြောင့်ပင် အစ္စလာမ်ဘာသာဝင်၊ ခရစ်ယာန် ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသား ပြည်သူများအနေဖြင့် ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများ ဖြစ်ပွားစေရန် မည်သူတွေက လုပ်ကြံဖန်တီးပြီး နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနယ်ပယ်များ ချဲ့ထွင်လျက် သြဇာအာဏာထူထောင်နေသည်ကို လေ့လာသိရှိနားလည်စွာ သင်ခန်းစာယူကြရမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ အခြေအနေအရပ်ရပ်ကို လေ့လာသုံးသပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဘာသာရေး၊ လူမျိုးရေးအရ သွေးခွဲသပ်လျှိုမှုများရှိနေကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် ကျစ်လျစ်ခိုင်မာစွာ ဖြစ်တည်ရှင်သန်လျက်ရှိနေသကဲ့သို့ မြန်မာနိုင်ငံတွင် ဘာသာရေးလွတ်လပ်ခွင့်ရှိနေပါကြောင်း ဆိုရေးရှိလာ ဆိုအပ်စွာသောစကားဖြင့် ပြန်ကြားလိုက်ပါသည်။ ။



(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော မြန်မာ့ဟော်ကီအားကစားသမားများအား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် နည်းစနစ်မှူး ဦးကျော်နိုင်နှင့် အဖွဲ့က လေ့ကျင့်မှုနှင့် ပတ်သက်၍ မှာကြားစဉ်။ (ဟော်ကီအဖွဲ့ချုပ်)

ဟော်ကီလက်ရွေးစင်များ စခန်းသွင်းလေ့ကျင့်

ရန်ကုန် မတ် ၁၀

ဘင်္ဂလားဒေ့ရှ် - မြန်မာချစ်ကြည်ရေး အားကစားကဏ္ဍ မြှင့်တင်ရေး အစီအစဉ်အရ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ Modern Builders International Ltd. ဂျာမနီနိုင်ငံ Polytan Co. တို့ ပူးပေါင်း ဆောက်လုပ်ခဲ့ကြသည့် မြက်ခင်းတု ဟော်ကီကွင်းရှိ လေ့ကျင့်ရေးကွင်း၌ ပဏာမရွေးချယ်ထားသော ဟော်ကီလက်ရွေးစင် အားကစားသမားများသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၀၇ ဒီဇင်ဘာ ၆ရက်မှ ၁၆ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် လျာထားသတ်မှတ်ထားသော ဟော်ကီအားကစားနည်းအတွက် စခန်းသွင်း လေ့ကျင့်လျက်ရှိရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် နည်းစနစ်မှူး ဦးကျော်နိုင်က ကြီးကြပ်၍ နေ့စဉ်လေ့ကျင့်ပေးလျက်ရှိပြီး အဖွဲ့ချုပ်အမှုဆောင် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ စခန်းတာဝန်ခံ ဦးကျော်ဌေးသိန်းနှင့် နည်းပြချုပ် အရာခံဗိုလ် ပြုံးကြည်တို့က အောင်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြသည်။

လာကစားမည်

မကြာမီ ကျင်းပမည့် ကွင်းဖွင့်ပွဲ အခမ်းအနားအပြီး၌ အာရှချန်ပီယံ ကိုရီးယားသမ္မတနိုင်ငံ လက်ရွေးစင်အသင်းနှင့် ပါကစ္စတန် အစ္စလာမ်သမ္မတနိုင်ငံမှ Senior Club အသင်း တစ်သင်းတို့ လာရောက်ကစားရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေစာရံ ကေအမ်ဂေါက်သီးရိုက်ပြိုင်ပွဲ စိုးကျော်နိုင်နှင့် မင်းနိုင် ပူးတွဲ ဦးဆောင်နေ

မန္တလေး မတ် ၁၀

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့က ကြီးမှူး၍ ၂၀၀၇ခုနှစ် Shwe Sar Yan KM Golf Open Championship ပြိုင်ပွဲ တတိယနေ့ကို ယနေ့ နံနက် ၇ နာရီခွဲက မန္တလေးမြို့ ရွှေစာရံ ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ Professional Golfer စိုးကျော်နိုင်နှင့် မင်းနိုင် ၊ Amature Golfer အောင်ဝင်း မုံရွာတို့ဦးဆောင်ကစားလျက်ရှိသည်။

ဦးဆောင်

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfer ပြိုင်ပွဲ၌ စိုးကျော်နိုင်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး ၆၉+၆၈+ ၇၁= ၂၀၈ ချက်နှင့် မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၁+၆၉+၆၈=၂၀၈ ချက်ဖြင့် ပူးတွဲပထမနေရာမှ ဦးဆောင်ကစားလျက်ရှိသည်။ သိန်းဇော်မြင့် (KM)က ၂၁၁ချက်ဖြင့် ဒုတိယလိုက်နေသည်။

Amature Golfer ပြိုင်ပွဲ၌ အောင်ဝင်း(မုံရွာ)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့၍ ၇၁+၇၁+၇၁= ၂၁၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ စိုးမိုးဝင်းနှင့် ဘိုဘိုတို့က ၂၁၉ ချက်ဖြင့်ပူးတွဲဒုတိယလိုက်နေကြသည်။

ပံ့ပိုး

ယင်းပြိုင်ပွဲတွင် KM Golf Centre က အဓိကပံ့ပိုးပြီး Air Bagan၊ Niko၊ Sun Far Travels & Tours၊ Damco၊ Hertiage Sports & Golf၊ Bay of Bengal၊ Aung Kyun Thar၊ Shwe Tha Pyay၊ Imperial Jade၊ Maruman၊ Tourstage၊ Bridgestone Golf တို့က အသီးသီးပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် KM Golf Center နှင့် Mandalay Golf Association တို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၆၉)

အထက(၆)ဗိုလ်တထောင် (ယခင်စိန့်ပေါလ်ကျောင်း)မှ သက်ပြည့်အငြိမ်းစားယူခဲ့သည့် ဆရာဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို မတ် ၂ ရက်တွင် အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပစဉ်။ (က-ပ)

သစ်တောရေးရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပျဉ်းမနား(တောင်)သစ်ထုတ်ရေးဒေသ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၉ရက်က လယ်ဝေးမြို့နယ် ရုံးပင်ကြိုးဝိုင်းအတွင်း ပျဉ်းမနား(တောင်) သစ်ထုတ်ရေးဒေသမှ သစ်ထုတ်နေသည့်နေရာသို့ရောက်ရှိ၍ သစ်တောကြိုးဝိုင်းအခြေအနေနှင့် ကုမ္ပဏီက သစ်ထုတ်လုပ်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သစ်ထုတ်နေသည့် အရှေ့ရွှေရိုးမကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဒေသမန်နေဂျာတို့အား လိုအပ်သည်များကို ဆွေးနွေးမှာကြားရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် သစ်ထုတ်ရေးဌာနမှ အထွေထွေမန်နေဂျာဦးဝင်းလွင်တို့က ဖြည့်စွက်ရှင်းလင်းကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ၂၀၀၄ ခုနှစ် ကျွန်းအထူးစိုက်ခင်းဧက၅၀၀နှင့် ၁၉၉၈ခုနှစ် ကျွန်းအထူး စိုက်ခင်းဧက ၅၀၀တို့ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ဝန်ကြီးသည် ပျဉ်းမနား(တောင်)သစ်ထုတ်ရေးဒေသအောင်ချမ်းသာ သစ်ဆိပ်သို့ ရောက်ရှိ၍ သစ်ဆိပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ကြီးအား သစ်ဆိပ် ရှင်းလင်းဆောင်တွင် ဒေသမန်နေဂျာ ဦးဝင်းမော်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ မန္တလေးတိုင်း မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လယ်ဝေးမြို့နယ် ရုံးပင်ကြိုးဝိုင်းအတွင်းရှိ ပျဉ်းမနား(တောင်) သစ်ထုတ်လုပ်ရေးဒေသတွင် သစ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

ဘရူနိုင်းဘုရင့်ဖလားဘောလုံးပြိုင်ပွဲ မြန်မာဗိုလ်လုပွဲတက်

ရန်ကုန် မတ် ၁၀

၂၀၀၇ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက်လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Hassanal Bolkiah Trophy for U-21 ASEAN Youth Football Championship 2007)ကို ယနေ့ဒေသစံတော်ချိန် ည၁၀နာရီက ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘဂဝမ်မြို့ (Stadium Negara Hassanal Bilkiah)၌ ဆက်လက်ကျင်းပရာ မြန်မာလူငယ်ဘောလုံးအသင်းက အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ဗိုလ်လုပွဲတက်

ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် မလေးရှားလူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ မြန်မာလူငယ်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း၂၁မိနစ်တွင် အောင်မျိုးသန့်နှင့် ၂၇မိနစ်တွင် စည်သူသန်းက ဒုတိယအနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲအဖြစ် ထိုင်းလူငယ်ဘောလုံးအသင်းနှင့်ကမ္ဘောဒီးယားလူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းလူငယ်ဘောလုံးအသင်းက ၁၀ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲစဉ်ကို မတ်၁၂ရက် ဒေသစံတော်ချိန် ည၈း၁၅နာရီတွင် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် ထိုင်းလူငယ်လက်ရွေးစင် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘူးသီးတောင်မြို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၀

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ (၄)ရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ မတ်၉ရက်ညနေ ၃နာရီခွဲခန့်တွင် မီးစက်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနေအိမ်ခုနစ်လုံး၊ ဆိုင်ခန်း၁၃ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး လူ၅၆ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသဖြင့် ရပ်ကွက်အတွင်း နေရာချထားပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးဆိုင်ရာ အရေးပေါ်အထောက်အပံ့လုပ်ငန်းစီမံကိန်း သဘောတူလက်မှတ်ရေးထိုး

ရန်ကုန် မတ် ၁၀

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)က မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး လုပ်ငန်း များ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ် အထောက်အပံ့လုပ်ငန်းစီမံကိန်း (Immediate Technical Assistance to Strengthen Emergency Prepardness for Highly Pathogenic Avian Influenza) သဘောတူ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက်၁၀နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.Tang Zhen gping နှင့်အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါ အရေးပေါ်အထောက်အပံ့လုပ်ငန်းစီမံကိန်းကို အမေရိကန်နိုင်ငံ USAID အဖွဲ့အစည်းက ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှတစ်ဆင့် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ခြောက်သိန်းနှင့် ညီမျှသော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို ထောက်ပံ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ်၌ ရွှေဆွဲကြိုးဖြတ်ပြေးသူ ဖမ်းဆီးရမိ

ရန်ကုန် မတ် ၁၀

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၌ မတ် ၄ရက် ည၈နာရီခန့်တွင် ရွှေဆွဲကြိုးဖြတ်ပြေးသူတရားခံတစ်ဦးအား တာဝန်သိ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပြီး ပန်းဘဲတန်းမြို့နယ် ရဲစခန်းသို့အပ်နှံခဲ့ကြောင်း သိရသည်။

အမှုဖြစ်ပွားပုံမှာ ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ကိုဂျော့ကင်း(ခ)ခင်မောင်ဌေးသည် မတ် ၄ရက်ည ၈နာရီခန့်တွင် ပန်းဘဲတန်းမြို့နယ် (၅)ရပ်ကွက် ဘုရားလမ်းဘူတာ၌ မြို့ပတ်ရထားစောင့်ဆိုင်းနေစဉ် မျက်နှာချင်းဆိုင်မှ လူတစ်ဦးရောက်ရှိလာပြီး ဘယ်သွားမလဲဟုမေးကာ ကိုဂျော့ကင်း၏ လည်ပင်းတွင်ဆွဲထားသော ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးကို ဆွဲဖြတ်၍ ဘုရားလမ်းဘက်သို့ ထွက်ပြေးသွားကြောင်း၊ ကိုဂျော့ကင်းက ပတ်ဝန်းကျင်သို့ အော်ဟစ် အကူအညီတောင်းရာ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်ထွေး၊ အဖွဲ့ဝင် ဦးကျော်ဝင်း၊ အရန်မီးသတ်တပ်ကြပ်ကြီး ရန်အောင်တို့က လိုက်လံဖမ်းဆီးခဲ့ရာ တရားခံ စောမူဂေး (ကျပန်း) ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်မြို့နယ်နေသူအား ဖမ်းဆီးရမိသဖြင့် ပန်းဘဲတန်းမြို့နယ် ရဲစခန်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တရားခံအား ထိရောက်သောပြစ်ဒဏ်ပေးနိုင်ရေး ပန်းဘဲတန်းမြို့နယ် ရဲစခန်းက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

သံသယဖြစ်ဖွယ်ကြက်ငှက်တုပ်ကွေးရောဂါ $H_5 N_1$ အတည်ပြုချက်နှင့် သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၁၀

၁။ **သံသယဖြစ်ဖွယ်ကြက်ငှက်တုပ်ကွေးရောဂါ $H_5 N_1$ အတည်ပြုချက်**

(က) **သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော မွေးမြူရေးကြက်ခြံနှစ်ခြံ။** ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဥစားကြက်မွေးမြူရေးခြံတစ်ခြံနှင့်လှိုင်သာယာမြို့နယ် ဥစားကြက်မွေးမြူရေးခြံ တစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယတွေ့ရှိသဖြင့် ကြက်ငှက်တုပ်ကွေးရောဂါအန္တရာယ် တားဆီး ကာကွယ်ရေးအတွက် သံသယဖြစ်ဖွယ် ကြက်ခြံနှစ်ခြံကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်နှင့် မတ် ၂ရက်တို့တွင် ဖျက်ဆီးသုတ်သင်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

(ခ) **ကြက်ငှက်တုပ်ကွေးရောဂါပိုး $H_5 N_1$ အတည်ပြုချက်။** သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိမှုနှင့်ပတ်သက်၍ ကြက်ခြံရှိကြက်များ၏ သင်္ကေတန်လက္ခဏာများ စစ်ဆေးခြင်း၊ ပဏာမအမြန်ရောဂါ စစ်ဆေးခြင်း(Rapid Test)၊ အဆင့်မြင့်ဓာတ်ခွဲစစ်ဆေးခြင်း(PCR)၊ ပိုမိုတိကျသော ဓာတ်ခွဲခန်းစစ်ဆေးခြင်းဖြစ်သောဗိုင်းရပ်(စ်)ပိုး ပျိုးစစ်ဆေးခြင်းနည်းလမ်းများအရ ကြက်ငှက်တုပ်ကွေးရောဂါ $H_5 N_1$ ဗိုင်းရပ်(စ်)ကို ထပ်ဆင့်မှတ်တမ်းတင်နိုင်ပြီး စစ်ဆေးခဲ့သည့်ရောဂါနမူနာများကို စနစ်တကျမှတ်တမ်းတင် ထိန်းသိမ်းခဲ့ခြင်း၊ မြန်မာနိုင်ငံသို့ရောက်ရှိလာသည့် FAO နှင့် USAID တို့မှ ကြက်ငှက်တုပ်ကွေးရောဂါရှာဖွေစစ်ဆေးရေးကျွမ်းကျင်ပညာရှင်များ၏ ၆-၃-၂၀၀၇ရက်မှ ၉-၃-၂၀၀၇ရက်အထိ ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းစစ်ဆေးခြင်းများအရ $H_5 N_1$ ကို အတည်ပြုခဲ့ခြင်း၊ လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်အဆင့်ဆင့်နှင့်အညီ မတ် ၁ရက်နှင့် မတ် ၂ရက်တွင် ကြေညာခဲ့သည့် မရမ်းကုန်းကြက်ခြံနှင့် လှိုင်သာယာကြက်ခြံများတွင်ဖြစ်ပွားခဲ့သော သံသယကြက်ငှက်တုပ်ကွေးရောဂါ(Suspected Case)ကို $H_5 N_1$ ကြက်ငှက်တုပ်ကွေးရောဂါ(Confirmed $H_5 N_1$)အဖြစ် အတည်ပြုပါကြောင်း။

၂။ **ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်မှု အရေးယူဆောင်ရွက်ချက်။**

(က) **ကန့်သတ်ဇုန်(Restricted Zone)။** ရောဂါဖြစ်ကြက်ခြံမှ တစ်ကီလိုမီတာအတွင်းရှိ ရောဂါကျရောက်ကူးစက်နိုင်သည့် တိုင်းရင်းကြက်များကို သုတ်သင်ဖျက်ဆီးခဲ့ကြောင်း(Risk Prevention)၊

(ခ) **ပိုးသတ်ဆေးဖျန်းခြင်း(Disinfection)။** ရောဂါဖြစ်ကြက်ခြံနှင့် အနီးပတ်ဝန်းကျင်များကို ပိုးသတ်ဆေးနှစ်ကြိမ်ဖျန်းပေးခဲ့ပြီး ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ဆက်လက် ပိုးသတ်ဆေးဖျန်းခြင်းပြုလုပ်သွားမည်ဖြစ်ကြောင်း၊

(ဂ) **ရောဂါစူးစမ်းရှာဖွေခြင်း(Surveillance)။** မရမ်းကုန်းမြို့နယ်နှင့်လှိုင်သာယာမြို့နယ်အတွင်း ရောဂါစူးစမ်းရှာဖွေရေးအဖွဲ့လေးဖွဲ့မှ ကြက်များ၏ပြင်ပကျန်းမာရေးသင်္ကေတန် လက္ခဏာစစ်ဆေး၍ ရောဂါစူးစမ်းခြင်း၊ လိုအပ်လျှင် ရောဂါနမူနာများစုဆောင်း၍ ဓာတ်ခွဲခန်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊

(ဃ) **ဓာတ်ခွဲခန်းစစ်ဆေးခြင်း(Laboratory Diagnosis)။** ကြက်ငှက်သေဆုံးမှုများအတွက် နေ့စဉ်ဓာတ်ခွဲခန်းစစ်ဆေးမှုများအရ ၁၀-၃-၂၀၀၇ရက်အထိ ကြက်ငှက်တုပ်ကွေးရောဂါ မတွေ့ရှိရကြောင်း၊

(င) **ရောဂါထိန်းချုပ်ဇုန်(Controlled Zone)။** ကြက်ဘဲနှင့် ကြက်ဘဲထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု ကန့်သတ်ခြင်း(Movement Control)၊ ကြက်ဘဲဈေးများ ယာယီပိတ်ပင်ခြင်း၊ ရောဂါစူးစမ်းရှာဖွေရေး အဖွဲ့လေးဖွဲ့မှ ကြက်ဘဲများ၏ပြင်ပကျန်းမာရေးသင်္ကေတန် လက္ခဏာစစ်ဆေး၍ ရောဂါစူးစမ်းရှာဖွေမှုများ ပြုလုပ်လျက်ရှိကြောင်း၊

(စ) **လူထုပညာပေးလုပ်ငန်း(Public Awareness)။** ပြည်သူလူထု၊ မွေးမြူသူများ၊ စားသုံးသူများအား ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ပိုစတာ ၁၁မျိုး၊ စောင်ရေ၁၀သိန်း၊ လက်ကမ်းစာစောင်နှစ်မျိုး၊ စောင်ရေနှစ်သိန်း၊ လက်အိတ်သုံးသိန်း၊ နှာခေါင်းစည်းသုံးသိန်း၊ ဆပ်ပြာခြောက်သိန်းကို UNICEF၏ အသိပညာပေးအစီအစဉ် (IEC)ဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ပညာရေးဌာနတို့မှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုပညာပေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း၊

(ဆ) **ရောဂါထိန်းချုပ်ရေးကာလ(Control Period)။** ရောဂါထိန်းချုပ်ရေးမြို့နယ်များအတွင်း ရောဂါစူးစမ်းရှာဖွေခြင်း၊ ပိုးသတ်ဆေးပက်ဖျန်းခြင်း၊ ကြက်နှင့်ကြက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ဆောင်မှုများနှင့် ကြက်ဘဲဈေးများ ပိတ်ပင်ထားမြဲခြင်းကို နောက်ဆုံးရောဂါဖြစ်သည့်ရက်မှ ၂၁ရက်ကြာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

၃။ **တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး**

(က) **ရောဂါထိန်းချုပ်မှုထိရောက်ရေး(Effective Control)။** ရောဂါထိန်းချုပ်မြို့နယ်များဖြစ်သော မရမ်းကုန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ လှိုင်သာယာမြို့နယ်များအတွင်း မွေးမြူရေးကြက်ခြံများ၏ ဇီဝလုံခြုံမှုတိုးမြှင့်ရေး၊ မြို့နယ်များအတွင်း ကြက်နှင့်ကြက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှုနှင့်ရောင်းချမှု ကန့်သတ်ချက်အား အထူးအလေးထား၍ လိုက်နာဆောင်ရွက်ရန်၊

(ခ) **ပူးပေါင်းဆောင်ရွက်ရေး။** ရောဂါထိန်းချုပ်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ဇီဝလုံခြုံရေး၊ ပြည်သူလူထုကျန်းမာရေးနှင့် ကြက်နှင့်ကြက်ထွက်ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူ ပို့ဆောင်မှုနှင့် ရောင်းချမှု ကန့်သတ်ချက်များအား တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

အင်တာနက် အားကစားသတင်း အတိုအထွာ

ခရိုအေးရှားဂိုးသမား စတစ်ပလက်တီကိုဆာအား ယူကရိန်းကလပ် ရှက်တာဒိုးနက်အသင်းမှ စပါးတက်မော်စကိုအသင်းက သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

ထရီနီဒက်နှင့် တိုဘာဂိုတိုက်စစ်မှူး ဒွိုက်ယောက်သည် ဆန်းဒါးလင်း အသင်းတွင် ပိုမိုကစားနိုင်ရန်အတွက် နိုင်ငံလက်ရွေးစင် ကစားသမားအဖြစ်မှ အနားယူလိုက်ပြီ ဖြစ်သည်။

စင်ကာပူ မာစတာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၈ ရက်က စတင်ဖွင့်လှစ်ရာ ပထမအကျော့နေ့တွင် တရုတ်မှ လျံဝမ်ချောင်နှင့် ဩစတြေးလျမှ မားကတ်ဖရာဆာတို့သည် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ လျော့ရိုက်ပြီး ပြိုင်ဘက်များကို ဦးဆောင်နိုင်ခဲ့သည်။

၂၀၀၈ အိုလံပစ်အားကစားပြိုင်ပွဲ လက်မှတ်များကို လာမည့်လ ဧပြီလမှစတင်၍ ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဩဂုတ် ၈ရက် ဖွင့်ပွဲအခမ်း အနားလက်မှတ်မှာ ဈေးအကြီးဆုံးဖြစ်ပြီး တစ်စောင်လျှင် ယွမ် ၅၀၀၀ (အမေရိကန်ဒေါ်လာ ၆၄၆ ဒေါ်လာ)ရှိကြောင်း၊ ဈေးအချိုဆုံးလက်မှတ်မှာ ယွမ် ၂၀၀ (အမေရိကန်ဒေါ်လာ ၂၅ဒသမ၈ဒေါ်လာ)ဖြစ်ကြောင်း သိရသည်။

ကာတာနိုင်ငံမှ မိုဟာမက်ဘင်ဟမ်မမ်အား အာရှဘောလုံးအဖွဲ့ချုပ် (အေအက်ဖ်စီ)က ဥက္ကဋ္ဌအဖြစ် ဒုတိယလေးနှစ်သက်တမ်းအတွက် ရွေးချယ် လိုက်သည်။

ဝင်ဘလေအားကစားကွင်းသစ်ကြီး၌ ပထမဆုံးပြိုင်ပွဲကို မတ် ၂၄ရက် တွင် အင်္ဂလန်ယူ ၂၁နှင့်အီတလီအသင်းတို့ ချစ်ကြည်ရေး ယှဉ်ပြိုင်ကစားကြ မည်ဖြစ်ကြောင်း သိရသည်။

(၃၅)ကြိမ်မြောက် နိုင်ငံတကာ ပြေးခုန်ပစ်ပြိုင်ပွဲကို ကင်ညာနိုင်ငံ မွမ်ဘာဆာမြို့တွင် လာမည့် မတ် ၂၄ရက်၌ စတင်ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံတကာ ပြေးခုန်ပစ်အဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်၊

ငါးလကြာ ဘောလုံးကစားခွင့်ပိတ်ထားသော ကင်ညာဘောလုံးအသင်း အား ကင်ညာဘောလုံးအဖွဲ့ချုပ်၏ ကတိပြုချက်အရ ဖီဖာက မတ် ၉ ရက်မှ စတင်ကာ ဘောလုံးပြန်ကစားခွင့်ပြုလိုက်သည်။ **(အင်တာနက်)**

ဒဏ်ရာများရရှိထားသော တိုက်စစ်မှူးအွန်နရီ ရာသီကုန်အထိ ကစားနိုင်တော့မည်မဟုတ်ဟုဆို

လန်ဒန် မတ် ၁၀

အာဆင်နယ်အသင်းခေါင်းဆောင် အွန်နရီသည် ယခုနှစ် ဘောလုံး ရာသီ ကျန်ရှိနေသောပွဲစဉ်များတွင် ပေါင်ခြံနှင့်ဝမ်းဗိုက် ဒဏ်ရာရရှိထားမှု များကြောင့် ပါဝင်ကစားနိုင်တော့မည်မဟုတ်ကြောင်း အာဆင်နယ်ကလပ်က ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ပရီမီယာလိဂ်ဖလားရရှိရေးနှင့် ဖာဂူဆန်အခင်းအကျင်း

လန်ဒန် မတ် ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၂၉)၌ လီဗာပူးကွင်းတွင် မန်ယူတို့ နောက်ကျဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း မန်ယူသည်သာ ပရီမီယာလိဂ်ဖလား ရယူတော့မည် ဟူသောအသံများ ပဲ့တင်ထပ်လာခဲ့ပြီ ဖြစ်သည်။ လီဗာပူးကို ကံကောင်းစွာ အနိုင်ရရှိခဲ့သည်ဟုဆိုခဲ့သော မန်ယူနည်းပြ ဖာဂူဆန်ကလည်း ပရီမီယာလိဂ်ရရှိရေး၌ ချယ်လ်ဆီးကို မေ့ထားလိုက်ပြီဟု ဆိုနေသည်။ မန်ယူအသင်း ယခုနှစ်၌ နိုင်ပွဲများဆက်တိုက်ရလျက်ရှိနေရာ အထူးသဖြင့် မန်ယူတိုက်စစ်အားကောင်းနေ၍ ဖြစ်သည်။ မန်ယူသည် ယခုအချိန်အထိ ၂၉ပွဲကစားပြီးချိန်၌ ၂၃ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ရရှိထားကာ သွင်းဂိုး ၆၆ဂိုး ရှိနေသည်။

ဒုတိယနေရာမှ လက်ရှိ ပရီမီယာ လိဂ် ချန်ပီယံ ချယ်လ်ဆီးထက် ၁၆ဂိုး ပိုသွင်းထားနိုင်ပြီး ခံစစ်ပိုင်းတွင်လည်း ချယ်လ်ဆီးနှင့်တန်းတူ ခိုင်မာတောင့် တင်းလျက်ရှိနေသည်။ ယခုနှစ်၌ မန်ယူ တို့ အဝေးကွင်းရလဒ်များ ကောင်းနေ မှုက ပရီမီယာလိဂ်တန်းစီဇယားကို တောက်လျှောက် စိုးမိုးထားနိုင်ခြင်း၏ အဓိကအချက်ပင် ဖြစ်သည်။

မန်ယူနည်းပြ ဖာဂူဆန်။

(ဓာတ်ပုံ- အင်တာနက်)

ပွဲကျပ်များရှိနေ

သို့သော် ပရီမီယာလိဂ်သရဖူကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ရန်အတွက် မန်ယူတို့ နောက်ထပ်ကိုးပွဲ ကစားရဦး မည်ဖြစ်ရာ ယင်းကိုးပွဲတွင် ပွဲကျပ်များ ရှိနေသည်။ လောလောဆယ်တွင် မန်ယူ ၏ အထက်မြက်ဆုံး တိုက်စစ်အပိုင်း ကိုကြည့်လျှင် စီရိုနယ်ဒိုက တစ်ဦး တည်း ၁၆ဂိုး၊ ရွန်နေ ၁၀ဂိုး၊ ဆာဟာ ရှစ်ဂိုး၊ ဆိုးလ်ရှား ခြောက်ဂိုးနှင့် ပေါလ် စခိုးက ငါးဂိုးသွင်းထားနိုင်သည်ကို တွေ့ရမည် ဖြစ်သည်။

လက်ရှိအနေအထားတွင် မန်ယူ တိုက်စစ်ကို ကောင်းစွာအထောက်အပံ့ ပေးခဲ့သော တိုက်စစ်မှူး လာဆင်လည်း မိခင်ကလပ် ဟယ်ဆင်ဘော့စ်သို့ ပြန်ပြီ ဖြစ်သည်။ ဆာဟာလည်း တံကောက် ကြောဒဏ်ရာကြောင့် သီတင်းလေးပတ် ကြာအနားယူရမည်ဖြစ်သလို ဆိုးလ်ရှား က ဒူးခေါင်းဒဏ်ရာခွဲစိတ်ကုသမှု ခံယူ နေရသဖြင့် ပွဲမကစားနိုင်ဖြစ်နေသည်။

ထို့အတူ လီဗာပူးနှင့်ပွဲတွင် အနီ ကတ်ထိခဲ့သော ပေါလ်စခိုးကလည်း ပွဲပယ်ပြစ်ဒဏ်ခံနေရရာ မန်ယူအတွက် အရေးကြီးသော အနေအထားတွင် ဖာဂူဆန် အကျပ်အတည်း ဖြစ်စေသည့် အချက်များပင် ဖြစ်သည်။ ထို့အတူ ဖလက်ချာနှင့် ဆီးဗားစတားတို့လည်း ခြေထောက်ဒဏ်ရာများ ရရှိနေရာ မန်ယူသည် တိုက်စစ်နှင့် အလယ်တန်း ပြဿနာများကို ရင်ဆိုင်နေရသည်။

မန်ယူအနေဖြင့် ထိုဘောလုံးသမားများ ကို ဧပြီလဆန်းမှသာ ပြန်သုံးနိုင်မည် ဖြစ်ရာ အက်ဖ်အေဖလားပွဲစဉ်များ ဖြစ်သည့် မတ် ၁၇ရက်၌ ကစားမည့် ဘောလ်တန်နှင့်ပွဲ၊ မတ်၃၁ရက်၌ ကစား မည့် ဘလက်ဘန်းနှင့်ပွဲများ၌ ထည့် သွင်းကစားနိုင်တော့မည် မဟုတ်ချေ။

အားကိုးရဆဲ

ဖာဂူဆန်အတွက် တိုက်စစ်တွင် ရိုင်ယန်ဂစ်၊ စီရိုနယ်ဒို၊ ရွန်နေတို့ရှိနေပြီး ကွင်းလယ်တွင် မိုက်ကယ်ကာရစ်နှင့် ရစ်ချတ်ဆင်တို့ တွဲသုံးရတော့မည် ဖြစ်သည်။ စီရိုနယ်ဒိုသည် ကွင်းလယ် နှင့် တောင်ပံတိုက်စစ်များကို ထိရောက် စွာ ကစားနိုင်သူဖြစ်သလို ဝဲဘက် တောင်ပံ တိုက်စစ်မှူး ရိုင်ယန်ဂစ် ကလည်း အားကိုးရဆဲ ဖြစ်နေသည်။

ကွင်းလယ်မှ ပေါစခိုးလ် မရှိ သည့်အတွက် ဖာဒီနန်၊ အိုးရှီးယားနှင့် နောက်တန်းမှ အီဗရာတို့က ဝိုင်းဝန်း ဖြည့်ဆည်းပေးနိုင်လျှင် ခံသာမည် ဖြစ်သည်။ ဖာဂူဆန် အလေးထား ပြင်ဆင်ရမည်မှာ မန်ယူအလယ်တန်း ပင် ဖြစ်သည်။ မန်ယူတို့ ပရီမီယာ လိဂ်ဖလား နောက်ဆုံးရယူခဲ့သည့် ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ ၃၈ပွဲ ကစား၊ ၂၅ ပွဲနိုင်ပြီး ပွဲသိမ်းနိုင်ခဲ့ သော်လည်း ယခုနှစ်၌မူ ၂၉ပွဲကစားပြီး ၂၃ပွဲ အနိုင် ရရှိနေပြီ ဖြစ်သော်လည်း မန်ယူတို့ ဖလားရယူနိုင်မည့် အနေ အထား ပြတ်သားမှု မရှိသေးချေ။ လက်ရှိအနေအထားတွင် ပရီမီယာလိဂ်၊ အက်ဖ်အေနှင့် ချန်ပီယံလိဂ် ပွဲစဉ်များ ဆက်တိုက်ရှိနေရာ ယင်းပွဲစဉ်များ၌ ဖာဂူဆန် မည်သည့် အခင်းအကျင်းဖြင့် ဖြတ်ကျော်မည်မှာ စိတ်ဝင်စားစရာ ကောင်းနေပြီ ဖြစ်သည်။ ထိခိုက်ဒဏ်ရာ ရမှုများရှိနေသော မန်ယူကို အောင် မြင်မှုများရရှိရန်မှာ နည်းပြ ဖာဂူဆန် ပေါ်၌ တည်နေပြီဖြစ်ပါကြောင်း။

(ကိုးကား- အင်တာနက်)

ရောဘတ်တိုကားလို့စ် ရီးရဲမှ ထွက်ခွာတော့မည်

လန်ဒန် မတ် ၁၀

ဘရာဇီးနောက်တန်းကစားသမား ရောဘတ်တိုကားလို့စ်သည် ဇွန် ၃၀ ရက် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ရီးရဲမက်ဒရစ်အသင်းမှ ထွက်ခွာတော့ မည်ဖြစ်ကြောင်း ၎င်းကထုတ်ဖော်ပြောကြားလိုက်သည်။

၎င်းသည် ရီးရဲမက်ဒရစ် ညွှန်ကြားရေးမှူး မီဂျာတိုဗစ်နှင့် ဥက္ကဋ္ဌ ရေမွန် ကယ်ဒါရွန်တို့နှင့်အတူ အနာဂတ်အတွက် ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ တူရကီ ကလပ် ဖီနာဘာချီအသင်းက စိတ်ဝင်စားနေကြောင်း သိရသည်။

ရီးရဲမက်ဒရစ် နောက်တန်းကစားသမား ရောဘတ်တိုကားလို့စ်။

(ဓာတ်ပုံ-အင်တာနက်)

မိမိသည် ရီးရဲမက် ဒရစ်အသင်းမှ ထွက်ခွာ တော့မည်ဖြစ်ကြောင်း၊ စာချုပ်သစ် ချုပ်ဆိုရန် ဆန္ဒမရှိတော့ကြောင်း၊ ဥက္ကဋ္ဌ ရေမွန်အား ပြော ကြားခဲ့ပြီး ဖြစ်ကြောင်း ကားလို့စ်က ပြောကြား သည်။

၂၀၀၂ ကမ္ဘာ့ဖလား ဗိုလ်စွဲရာတွင် ပါဝင် ကစားခဲ့သော ရော်ဘတ် တို ကားလို့စ်သည် ပြီးခဲ့ သည့် ၂၀၀၆ ကမ္ဘာ့ဖလား ပွဲအပြီး ဘရာဇီးလက်ရွေးစင် ဘောလုံးသမားအဖြစ်မှ အနားယူလိုက်ပြီ ဖြစ် ကြောင်း ကြေညာထားခဲ့သည်။

ထို့အပြင် ၎င်းက ဘောလုံးကစားခြင်းကို နောက်သုံးနှစ်၊ လေးနှစ်သာ ကစားတော့မည်ဖြစ်ကြောင်း၊ အမြင့်ဆုံးအဆင့်တွင် ကစားသွားရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ရီးရဲမက်ဒရစ်မှ ထွက်ခွာပြီးလျှင် ဘရာဇီး သို့မဟုတ် ကာတာကလပ် အသင်း တစ်သင်းသင်းတွင် ကစားမည်ဟု ဆိုသည်။ ၎င်းသည် ချန်ပီယံလိဂ် တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားရာ၌ ၁၀ စက္ကန့်အတွင်း ဂိုးပေးလိုက်ရ သဖြင့် ဝေဖန်ခြင်းကို ခံနေရသည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

အာဆင်နယ်တိုက်စစ်မှူး အဒီဘာယော ဒဏ်ရိုက်ခံရ

လန်ဒန် မတ် ၁၀

အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောသည် ကားလင်းဖလား ဗိုလ်လုပွဲတွင် အနီကတ်ဖြင့်ထွက်ခဲ့ရပြီးနောက် အက်ဖ်အေက အရေးယူ ဆောင်ရွက်ခဲ့ သဖြင့် အပိုတစ်ပွဲ အပိတ်ခံရမည့်အပြင် ဒဏ်ငွေပေါင် ၇၅၀၀ပါ အရိုက်ခံလိုက် ရသည်။

တိုက်စစ်မှူး အဒီဘာယောသည် ကားလင်းဖလား ဗိုလ်လုပွဲတွင် လမ်း ပတ်အား လက်သီးဖြင့်ထိုးရန် ကြိုးစား မှုဖြင့် ကွင်းအတွင်းမှ အနီကတ်ပြ၍ ထုတ်ပယ်လိုက်ခြင်း ခံခဲ့ရသည်။

ယင်းကိစ္စအတွက် အဒီဘာယော က တောင်းပန်ခဲ့သော်လည်း အက်ဖ်အေ က အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့၍ အထက်ပါအတိုင်း ပြစ်ဒဏ်များ ချမှတ် လိုက်ခြင်း ဖြစ်သည်။

အဒီဘာယောသည် ယင်းအနီ ကတ်ကြောင့် မူလက သုံးပွဲအပယ်ခံ ရပြီး ဖြစ်သည်။ ၎င်းသည် အက်စ်တွန် ဗီလာနှင့် အဲဗာတန်တို့နှင့် ကစားမည့် ပွဲများတွင်လည်း လွဲမည်ဖြစ်သည်။

(အင်တာနက်)

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ် ထုတ်ပြန် မန်ယူနှင့်ချယ်လ်ဆီး ဗိုလ်လုပွဲတွင် တွေ့နိုင်

လန်ဒန် မတ် ၁၀

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များအတွက် မဲနှိုက်ရွေးချယ်လိုက်ပြီဖြစ်ရာ ပထမအကျော့ကို ဧပြီ၃ရက်နှင့် ၄ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ကို ဧပြီ၁၀ရက်နှင့် ၁၁ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ထို့အတူ အကြိုဗိုလ်လုပွဲစဉ်များကိုလည်း သက်ဆိုင်ရာကထုတ်ပြန်ခဲ့ရာ ပထမအကျော့ကို ဧပြီ၂၄ရက်နှင့် ၂၅ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ကို မေ၁ရက်နှင့် ၂ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်ဇယား

နေ့စွဲ	ပွဲစဉ်	ယှဉ်ပြိုင်မည့်အသင်း	နေရာ(အားကစားကွင်း)
ဧပြီ ၃ရက်	ပထမအကျော့	အေစီမီလန်နှင့်ဘိုင်ယန်မြူးနစ်	စတာဒီရိုဂူစီပီမီရာဇာကွင်း
	॥	ပီအက်စ်ဗွီနှင့် လီဗာပူး	ဖီးလစ်အားကစားကွင်း
ဧပြီ ၄ရက်	ပထမအကျော့	ချယ်လ်ဆီးနှင့်ဗလင်စီယာ	စတမ်းဖို့ဒ်ဘရစ်ကွင်း
	॥	ရိုးမားနှင့် မန်ယူ	အိုလမ်ပီကိုကွင်း
ဧပြီ ၁၀ရက်	ဒုတိယအကျော့	ဗလင်စီယာနှင့် ချယ်လ်ဆီး	အီစတာဒီယိုမီစတဲလ်လာ
	॥	မန်ယူနှင့် ရိုးမား	အိုးထရက်ဖို့ဒ်ကွင်း
ဧပြီ ၁၁ရက်	ဒုတိယအကျော့	ဘိုင်ယန်မြူးနစ်နှင့်အေစီမီလန်	အယ်လန့်ဇ်အရီနာကွင်း
	॥	လီဗာပူးနှင့် ပီအက်စ်ဗွီ	အင်န်ဖီးကွင်း

အကြိုဗိုလ်လုပွဲ

နေ့စွဲ	ပွဲစဉ်	ယှဉ်ပြိုင်မည့်အသင်း
ဧပြီ ၂၄ရက်	အကြိုဗိုလ်လုပွဲ (ပထမအကျော့)	ရိုးမား သို့မဟုတ် မန်ယူ နှင့် အေစီမီလန် သို့မဟုတ် ဘိုင်ယန်မြူးနစ်
ဧပြီ ၂၅ရက်	ပထမအကျော့	ချယ်လ်ဆီး သို့မဟုတ် ဗလင်စီယာ နှင့် ပီအက်စ်ဗွီ သို့မဟုတ် လီဗာပူး
မေ ၁ရက်	အကြိုဗိုလ်လုပွဲ ဒုတိယအကျော့	လီဗာပူး သို့မဟုတ် ပီအက်စ်ဗွီ နှင့် ချယ်လ်ဆီး သို့မဟုတ် ဗလင်စီယာ
မေ ၂ရက်	ဒုတိယအကျော့	ရိုးမား သို့မဟုတ် မန်ယူ နှင့် အေစီမီလန် သို့မဟုတ် ဘိုင်ယန်မြူးနစ်

(အင်တာနက်)

ဖေဖော်ဝါရီ ၇ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် နှင့် အဖွဲ့ တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပိုင် ယာဉ်၊ စက်ယန္တရားများ အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မိုးညှင်းမြို့ ဇေယျသုခ ဝါဆိုကျောင်းဆရာတော် ဝိဇာတမွေးနေ့မင်္ဂလာ အခမ်းအနားကျင်းပ

မိုးညှင်း ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မိုးညှင်းမြို့ ဇေယျသုခဝါဆိုကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ၏ သက်တော် ၇၀ ပြည့် ဝိဇာတ မွေးနေ့ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းတည့် ၁၂နာရီက ဇေယျသုခ ဝါဆိုကျောင်းတိုက်၌ ကျင်းပရာ တက်ရောက်ကြသည့် ပရိသတ်များက ဇေယျသုခ ဝါဆိုကျောင်းဆရာတော်ထံမှ သြဝါဒခံယူကြပြီး ဆရာတော်၏ထေရုပ္ပတ္တိအကျဉ်းကို အရှေ့ကျောင်းပရိယတ္တိစာသင်တိုက် အရှင်တိဏ္ဏောဘာသက ဖတ်ကြားသည်။

ရွတ်ဆိုပူဇော်

ဆက်လက်၍ ဆရာတော်ဘဒ္ဒန္တစန္ဒိမာ၏ ထေရုပ္ပတ္တိ ရတုပိုဒ်စုံကို မသိန်းစုနှင့် ဒေါ်နီနီဝင်းတို့က ရွတ်ဆိုပူဇော်ပြီး ဆရာတော်၏ ရှစ်လုံးဘွဲ့ကဗျာများကို ပုညကာရီဆွမ်းကျွေးအဖွဲ့က ရွတ်ဆိုပူဇော်ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မိုးညှင်းမြို့ ဇေယျသုခဝါဆိုကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ၏သက်တော် ၇၀ ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားတွင် မိုးညှင်းမြို့ရှိ အရှေ့ကျောင်းပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇယန္တ အမှူးပြုသော ပင့်သံဃာအပါး ၇၀နှင့် တက်ရောက်ကြသည့် ဒါယကာ၊ ဒါယိကာမများက လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ဝင်ဆိုင်းဘုတ် သန့်ရှင်းသာယာလှပရေးအတွက် မြေယာရှင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဖေဖော်ဝါရီ ၃ရက်က ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသန်းဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

စာကြည့်တိုက်မှူး သင်တန်းဖွင့်

စလင်း ဖေဖော်ဝါရီ ၂၀

စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်မှူး သင်တန်းအမှတ်စဉ် (၁/၂၀၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က မြို့နယ်ရုံး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန်းနိုင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးဌာန ဦးစီးမှူး ဦးမြင့်ဆွေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမြင့်မောင်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ ကျေးရွာအုပ်စု စာကြည့်တိုက်များမှ သင်တန်းသား ၁၀၀ တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကတ္တရာခင်း

မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ဆရာစံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးအောင်မျိုးထက်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ရွှေရင်အေးစပါး တိုးချဲ့စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ ဆီဆိုင်၌ ကျင်းပ

ဆီဆိုင် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးကျင်းပသည့် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ၂၀၀၇ခုနှစ် မိုးစပါး ဧက ၁၅၆၈၀ ရွှေရင်အေးစပါးတိုးချဲ့စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက် နံနက်၉နာရီက ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ရွှေရင်အေးစပါး စိုက်ဧက တိုးချဲ့စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခိုင်ထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်ကျင်၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးထွန်းဦးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ၁၉အုပ်စုတို့မှ ဥက္ကဋ္ဌများ၊ ရပ်ကွက်/ကျေးရွာ စာရေး ဝန်ထမ်းများ စုံညီစွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းက အမှာစကား ပြောကြားပြီး **(အပေါ်ယာပုံ)** ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် တာဝန်များပေးအပ်ကြောင်း သိရသည်။ **(ဝ၄၈)**

မြို့နယ် သတင်းများ

မော်လမြိုင်ကျွန်းမြို့နယ်၌ တီဘီရောဂါကင်းစင်ရေး ပညာပေးဇာတ်လမ်း သရုပ်ဖော်ပြသ

မော်လမြိုင်ကျွန်း မတ် ၅

မော်လမြိုင်ကျွန်းမြို့နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် အောင်သုခမူလတန်းကျောင်းတို့ ပူးပေါင်းစီစဉ်သော တီဘီရောဂါ ကင်းစင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့ ပညာပေးဇာတ်လမ်းသရုပ်ဖော်ပြသပွဲကို ဖေဖော်ဝါရီ ၁၇ရက် ညနေ ၃ နာရီက အောင်သုခ မူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်တွင် သရုပ်ဖော်ပြပွဲ ကျင်းပသည်။

တက်ရောက်

သရုပ်ဖော်ပြသပွဲသို့ မြို့နယ်ပညာရေးမှူး ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထိန်ဝင်းနှင့် ကျန်းမာရေးဌာနမှတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းသား မိဘများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ကျန်းမာရေးမှူး ဦးအောင်မင်းကျော်က ပြပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အောင်သုခမူလတန်းကျောင်းမှ ကျောင်းသူ ကျောင်းသားများက တီဘီရောဂါကင်းစင်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့ ဇာတ်လမ်းကို သရုပ်ဖော်ပြကွက် ငါးကွက်ဖြင့် သရုပ်ဆောင်ပြသကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် တီဘီရောဂါတိုက်ဖျက်ရေး ပညာပေးဇာတ်လမ်းတွင် ကူညီစီစဉ်ပေးသော ကျောင်းအုပ်ကြီး ဦးခင်မောင်သိန်းနှင့် ဆရာ ဆရာမများ၊ ဇာတ်လမ်းသရုပ်ဆောင် ကျောင်းသူ ကျောင်းသားများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထိန်ဝင်းနှင့် မြို့နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ကျန်းမာရေးမှူး ဦးအောင်မင်းကျော်တို့က ဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၉၇)**

ဝါးခယ်မမြို့ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဇာတ်တိုက်လေ့ကျင့်ကြရာ မြို့နယ်အမှုဆောင်အရာရှိ ဦးလှဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

မီးဘေးရှောင် မလောင်ခင်တား

ပန်းအလှပင်များ စိုက်ပျိုး

ဝိုင်းမော် ဖေဖော်ဝါရီ ၂၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနား မြို့ဝင်ဆိုင်းဘုတ် ပတ်ဝန်းကျင်တွင် ခရီးသွားပြည်သူများ မျက်စိပသာဒဖြင့် စိတ်ကြည်မွေ့စေရန် ရည်ရွယ်၍ ဇန်နဝါရီ ၂၅ရက်က အဖွဲ့ရုံးမှ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်အောင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ခဲ့ကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

မင်းတပ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စံပြအရှေ့ပြင်မြို့ပတ်လမ်းကျောက်ချောခင်းရန် လမ်းမြေ သတ်မှတ်တိုင်းတာခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဆွေ၊ တာဝန်ခံ အင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

မန္တလေးမြို့ ဗုဒ္ဓဂယာမြေပြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး)အတွက် အမှတ် ၃၂ ဓမ္မာရုံလမ်း ကန်တော်လေး မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်နီနီလှ မွေးနေ့ အထိမ်းအမှတ်အဖြစ် ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် (မဟာသိမ်တော်ကြီး စာချနာယက)ဆရာတော် ဦးဂန္ထသာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ရွှေနံ့သာ-ဇနုံးကွင်းလမ်း ကျောက်ချောခင်း

ကျုံပျော် ဖေဖော်ဝါရီ ၂၀

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသများ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ ရွှေနံ့သာ-ဇနုံးကွင်း လမ်းအပိုင်း(၅) ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပညာရေးမိသားစု နိဗ္ဗာန ဆွမ်းအလှူတော် မင်္ဂလာအဖွဲ့က (၁၆)နှစ်ပြည့် ဆွမ်းကပ် အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက ကျောင်းတော်ကြီး အတွက် ဆွမ်းပဒေသာပင် အလှူငွေကျပ် ခုနစ်သိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အစားအစာ၊ ဆေးဝါးနှင့် စာအုပ်စာစောင်များ လူမှုရေးအသင်းအဖွဲ့များက မြိတ်အကျဉ်းထောင်သို့လှူဒါန်း

မြိတ် မတ် ၃

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းတွဲဖက်အတွင်းရေးမှူး ဦးဝင်းဆွေ ဦးဆောင်သည့် တိုင်း၊ ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင် ၂၁ ဦးတို့သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈နာရီခွဲက အကျဉ်းဦးစီးဌာန မြိတ်အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများအတွက် တန်ဖိုးငွေကျပ်တစ်သိန်းရှိ ခေါက်ဆွဲခြောက်ထုပ်များ၊ တန်ဖိုးငွေကျပ် တစ်သိန်းခုနစ်သောင်းရှိ ဆေးဝါးမျိုးစုံနှင့် တန်ဖိုးငွေကျပ်တစ်သောင်းငါးထောင်ရှိ စာအုပ်နှင့် ဂျာနယ်မျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၅၀၀၀ကို လှူဒါန်းကြသည်။

ထို့နောက် အကျဉ်းထောင်အတွင်းရှိ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ စားဖို၊ ဆေးရုံဆောင်နှင့် အမျိုးသမီးဆောင်များသို့ ဝင်ရောက် လေ့လာခဲ့ပြီး အကျဉ်းသားများအား နှစ်သိမ့်အားပေးစကား ပြောကြားကာ အကျဉ်းသား မိဘဆွေမျိုးများမှ အကြောင်းကြားစာ ခုနစ်စောင်ကို တာဝန်ခံ အရာရှိထံ ပေးအပ်ခဲ့ပြီး အကျဉ်းသားများက မိဘဆွေမျိုးများထံ ပေးပို့သည့် စာ ၄၅ စောင်ကို တာဝန်ခံ အရာရှိထံ ပေးအပ်ခဲ့သည်။

ပေးအပ်လှူဒါန်း

အဆိုပါ လှူဒါန်းသည့် ပစ္စည်းများမှာ မြိတ်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အဆောင်ကောင်းကုမ္ပဏီ၊ ပြည့်ဖြိုးထွန်း ကုမ္ပဏီ၊ ကျော်ကျော်ဖြိုး ကုမ္ပဏီတို့မှ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ပစ္စည်းများကို တိုင်းတွဲဖက်အတွင်းရေးမှူး ဦးဝင်းဆွေက အကျဉ်းဦးစီးဌာန မြိတ် အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ဆင့်ပွားသင်တန်းဖွင့်

မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ပြည်ကြီး ကျက်သရေအနောက် ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ပို့ချစဉ်။ (၁၆၂)

အင်းတော်မြို့နယ် အလယ်ကျွန်းအုပ်စု ရုံး၊ စာကြည့်တိုက်နှင့် ဆေးပေးခန်းဆောင်သစ်ဖွင့်

အင်းတော် မတ် ၁

အင်းတော်မြို့နယ် အလယ်ကျွန်းအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စာကြည့်တိုက်နှင့် ဆေးပေးခန်းဆောင်သစ် ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းတည့် ၁၂ နာရီက ငါးပြည့်အင်းကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ အလယ်ကျွန်း အုပ်စု ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် စာကြည့်တိုက် အဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးကျော်သီဟနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ငွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ထို့နောက် ဆေးပေးခန်းဆောင်သစ်ကို မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဦးမျိုးသန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ငွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကို ငါးပြည့်အင်း အခြေခံပညာ မူလတန်းကျောင်းခန်းမတွင် ကျင်းပရာ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဦးမျိုးသန့်တို့က အမှာစကား ပြောကြားကြပြီး ရုံး၊ စာကြည့်တိုက်နှင့် ဆေးပေးခန်းဆောင်သစ် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌများက ရုံး၊ စာကြည့်တိုက်နှင့် ဆေးပေးခန်းဆောင်သစ် ဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်း တင်ပြကြသည်။

အထိမ်းအမှတ်

ထို့နောက် ရုံး၊ စာကြည့်တိုက်နှင့် ဆေးပေးခန်းဆောင်သစ် ပေးအပ်ပွဲ အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများအား ပေးအပ်ကြောင်း သိရသည်။ **(၁၃၃)**

ဆင်ပေါင်ဝဲမြို့ ရေပေးရေး လုပ်ငန်းများဆောင်ရွက်

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၅

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်သည် ဖေဖော်ဝါရီ ၁၄ ရက်က ဆင်ပေါင်ဝဲမြို့သို့ရောက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သော မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ မြို့ရေပေးရေးလုပ်ငန်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရေပေးဝေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေက လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

အ မြို့ မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၁၀ ရက်
၁၂-၃-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
(နိုင်ငံတကာ ဈေးကွက်ဝင်ရေထွက်ပစ္စည်းထုတ်လုပ်မှု)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ
(စာမေးပွဲ အောင်နည်းအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
(ပြည်တွင်း)

၁၂:၂၅ အားကစား သတင်းပဒေသာ

၁၂:၃၅ ဇာတ်လမ်းပမာ နားဆင်စရာ
(ပြည်သူ့သားကောင်း)

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ်
[ဘီအီးဒီ(ဒုတိယနှစ်)ပညာရေးစီမံခန့်ခွဲမှု Teacher Pupil Relationship]

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) မှော်ဘီရွာလေးသာယာ
(လှိုင်းထက်လျှံ)
(၂) လှပသာယာပျို့ကျေးရွာ
(မေရွက်ဝါ)
(၃) ဟိုဘက်ရွာက မမချော
(ထွန်းထွန်းလေး)

၁၇:၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
(ပြည်တွင်း)

၁၇:၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ
(မျိုးချစ်တပ်မတော်-ခိုင်ခိုင်)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ်
(ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉:၁၅ နိုင်ငံတော်သံစုံတီးဝိုင်း
ဖျော်ဖြေမှုအစီအစဉ်

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မောင့်ကိုလေမုန်းမိဦးမယ်
(တက္ကသိုလ် သန်းသန်းလွင်)
(၂) အကျည်းတန်ချစ်သူ
(မောင်မောင်ကြီး)
(၃) မမေ့သည်သာ
(နုနုလွင်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရွှေကျင်မြို့နှင့် ခြေတော်ရာ ကျေးရွာ ဆက်သွယ်သည့် မြေသားလမ်း ဖော်ဆောင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနသို့ တယ်လီဖုန်းတပ်ဆင်ရန် အလှူငွေပေးအပ်

တပ်ကုန်း မတ် ၅

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာန၌ အော်တိုတယ်လီဖုန်း တပ်ဆင်ရန်အတွက် အလှူငွေကျပ်ငါးသိန်းကို တစ်ဦးတည်းအလှူရှင် ကိုဝင်းသိန်း-မဂျိုးဂျိုးဝင်း၊ သမီး မအိမ်စည်ဝင်း မိသားစု ဝင်းကားပစ္စည်းဆိုင်မှ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉နာရီက ကျင်းပသည်။

ပြန်လည်ပေးအပ်

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စေတနာရှင် မြို့မိမြို့ဖများ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ဂုဏ်ပြုအမှာစကားပြောကြားကာ အလှူငွေများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးလှိုင်ဝင်းအောင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(အောက်ပုံ) (မြို့နယ်စာပေစာနယ်ဇင်း)

မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် (ပဉ္စမအကြိမ်) ပင့်သံဃာတော်အပါး ၂၀၀၀ ကျော်အား ထမနဲဆွမ်းလောင်းလှူရန် ထမနဲ ဒယ် ၁၀၀ ထိုးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ရက်က စေတီတော်ကြီး၏အနီးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ခေတ္တ ဥက္ကဋ္ဌ) ဒုတိယရဲမှူးကြီး ထွန်းဆင့်နှင့် ဆန္ဒတော်ပြည့်စေတီတော် ဝိသာခါအဖွဲ့ သာသနာ့အကျိုးတော်ဆောင် ဒေါ်ပုလေး(သုခိတာ)၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (၄၀၂)

အောင်ချာဇေယျ မြသိန်းတန်ဘုရား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ပြင်ဦးလွင် မတ် ၆

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြင်ဦးလွင်ရဲတပ်ဖွဲ့စခန်းဝင်း အတွင်းရှိ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် အောင်ချာဇေယျ မြသိန်းတန်ဘုရားပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

အခမ်းအနားတွင် သံဃာတော် ၁၅ ပါးတို့အား အရုဏ် ဆွမ်းဆက်ကပ်လှူဒါန်းပြီး တရားတော်များနာကြား၍ ဖိတ်ကြားထားသော ဧည့်သည်များအား ဧည့်ခံကျွေးမွေးပြီး မွန်းလွဲ ၁ နာရီတွင် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကန်ဦးကျောင်းတိုက်ဆရာတော် အရှင်ဉာဏိဿရအမှူးပြုပြီး သံဃာတော် ၁၀၈ပါးတို့အား ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မိသားစုများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လောင်းလှူကြသည်။ **(ယာပုံ)** **(၂၈၀)**

မြို့နယ် သတင်းများ

ဟိုပင်မြို့နယ်တွင် အသိပညာပေးဟောပြော

ဟိုပင် ဖေဖော်ဝါရီ ၁၀

ကချင်ပြည်နယ် ဟိုပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက် ၁၀နာရီက ဟိုပင်မြို့နယ် မြေနုကျေးရွာ ဦးထွန်းနေ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတင်က စာပေအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဒေါ်တိုးတိုးမေက အလိမ္မာစာမှာရှိ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟောပြောကြပြီး တက်ရောက်လာကြသူများက နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများ ကြည့်ရှုကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတုံမြို့မဈေး သား၊ ငါးရုံများ ယင်လုံဆန်ခါ တပ်ဆင်ရောင်းချ

ကျိုင်းတုံ မတ် ၁

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အသားရုံ၊ ငါးရုံများတွင် ယင်လုံဆန်ခါ တပ်ဆင်ရောင်းချနေခြင်းကို ဖေဖော်ဝါရီ ၁၅ရက်က စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ **(မြို့တော်စည်ပင်)**



ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ချောင်းကူးတံတား ပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၀ ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်ကြူကြူခင်(အင်ဂျင်နီယာ)နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးရာ မြို့နယ် အမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကြည်စင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်ပြန်/ဆက်)

တောင်ကြီးမြို့၌ ကျပန်းစကားပြောပြိုင် ဆုရသူများဆုချီးမြှင့်

တောင်ကြီး မတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ပြည်နယ် အဆင့် ကျပန်းစကားပြော ပြိုင်ပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမတွင် မတ် ၆ရက်ကကျင်းပရာ ခေါင်းစဉ် ၁၇ ခုကို ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းသား၊ ကျောင်းသူ ၁၉ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းနှင့် အသင်းဝင်များ တက်ရောက်အားပေး၍ ဆုရသူများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(က–ပ)**

ကျေးလက်အိမ်ရာ

မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေးတောက်ကုန်းကျေးရွာတွင် ကျေးလက်အိမ်ရာဆောက်လုပ်မှု အခြေအနေကို ဖေဖော်ဝါရီ ၂၁ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် တပ်မတော် နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း ဆောင် ရွက်သော ပေါင်းတလည်မြို့ ဈေးအရှေ့ဘက်ကျောက် ချော လမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက်က လမ်းသစ်မုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအတွင်း ရေးမှူး ဦးမင်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြက်၊ ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲ သန်လျင်၌ကျင်းပ

သန်လျင် မတ် ၆

ကြက်၊ ငှက် တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး လုပ်ငန်းတစ်ခုဖြစ်သော စီးပွားဖြစ်မွေးမြူရေးခြံများတွင် သန့်ရှင်း ရေးပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် ဇီဝလုံခြုံရေးဆိုင်ရာ သရုပ်ပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက်က သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ဦးကျော်ကျော်ထူးပိုင် ကြက်မွေးမြူရေးခြံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တောင်ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာငွေးမြင့်နှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးများ၊ ကြက်မွေးမြူရေး လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာငွေးမြင့်က ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး ကြက်ခြံများသန့်ရှင်းရေး ပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၂၄ ရက်က နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်နှင့်ဝန်ထမ်းများ အဖွဲ့ပိုင် ၁၀ ဧက ကြက်ဆူစိုက်ခင်းတွင် စပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မြင်းမူမြို့၌ ရေပေးဝေမှု ကြည့်ရှုစစ်ဆေး

မြင်းမူ ဖေဖော်ဝါရီ ၂၈

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)ဒုတိယ အင်ဂျင်နီယာချုပ် ဦးကျော်နှင့်စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့သည် ဖေဖော်ဝါရီ ၁၉ရက်က မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေပေးဝေရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(၁၆၇)**

11-3 (17) 1 3/11/07, 2:46 PM

ပြည်နယ်နှင့်တိုင်းအားလုံးဖွံ့ဖြိုးရေး စီမံကိန်းများချမှတ်ဆောင်ရွက်နေ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုအားကောင်းပါက ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ မိခင်နှင့်ကလေး ဆေးကုသဆောင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ်၉ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် တနင်္သာရီတိုင်း မြိတ်မြို့သို့ရောက်ရှိရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များလိုက်ပါလျက် မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး ပင်မလေးထပ်ဆောင် ဥပစာ၌ ခင်းကျင်းပြသထားသော ယုဇနကုမ္ပဏီက လှူဒါန်းမည့် လေးယောက်ထိုင်စာသင်ခုံများ၊ လက်တင်ပါစာသင်ခုံများ၊ စာရေးစားပွဲ၊ ဆရာ ဆရာမစားပွဲနှင့် ပလတ်စတစ်ထိုင်ခုံများကို လည်းကောင်း၊ တက္ကသိုလ်ပင်မဆောင်အဝင် နဖူးစည်း၌ မြန်မာ့ရိုးရာ ၁၂လရာသီပွဲတော် ဆေးရေးပန်းချီပုံများနှင့် တနင်္သာရီတိုင်း၏ စီးပွားရေး၊ လူမှုရေးနှင့် စပ်လျဉ်းသည့် ပန်းချီပုံများ ရေးဆွဲထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး ဦးဆောင်နိုင်ရန် ကုန်သည်/စက်မှုအသင်းချုပ်ဖွဲ့စည်း နိုင်ငံတော်နှင့် လုပ်ငန်းရှင်များအကြား ပေါင်းကူးသဖွယ်ဆောင်ရွက်

ရန်ကုန် မတ် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည့် UMFCCI Office Tower အဆောက်အအုံသစ်ဖွင့်ပွဲ၊ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး၊ ကုန်စည်ပြပွဲနှင့် ဟောပြောဆွေးနွေးပွဲများ ဖွင့်ပွဲအခမ်းအနားတို့သို့ တက်ရောက်ပြီး စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးကာ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး

စာမျက်နှာ ၈ ကော်လံ ၁ ●

NLD ပါတီ၏လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိ ဒီပဲယင်းနှင့် စစ်ကိုင်းမြို့နယ်တို့မှ ပါတီဝင် ၁၄ဦး နုတ်ထွက်

ရန်ကုန် မတ် ၁၀

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးဖြစ်သော ပရတန်ကျေးရွာမှ ဦးပြားသည် ဇန်နဝါရီ ၁၂ရက်တွင်လည်းကောင်း၊ စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ပဒူကျေးရွာမှ ဒုတိယဥက္ကဋ္ဌ ဦးလှချစ်နှင့် အဖွဲ့ဝင် ဦးခင်မောင်ဆွေ၊ ဦးကောင်းညွန့်၊ ဦးမောင်မောင်စိုး၊ ဦးမြင့်သန်းတို့အပါအဝင် ပါတီဝင်၁၀ဦးသည် ဇန်နဝါရီ ၁၈ရက်တွင် လည်းကောင်း၊ ကျောင်းဖြူကျေးရွာမှ စည်းရုံးရေးမှူး ဦးသန်းအောင်၊ ဦးဇော်ဝင်းလေး၊ ဦးစောမြင့်တို့ သုံးဦးသည် ဇန်နဝါရီ ၁၅ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးအဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့သည် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိ၊ NLDပါတီ၏လုပ်ရပ်များကို စိတ်ပါဝင်စားမှုမရှိတော့၍ ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မတ် ၁၀ရက်က ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသထားသော ကျောက်စိမ်းတွဲများအား ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းအကျယ် စာ-၈) (သတင်းစဉ်)